MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

# တို့မန်းမြေ သတင်းလွှာ

၂၀၂၅ ခုနှစ်၊ မတ်လ | အတွဲ - ၄၊ အမှတ် - ၄ | သုံးလတစ်ကြိမ်ထုတ်ဝေပါသည်။




# စိတ်အားထက်သန်မှု၊ ရည်ရွယ်ဆောင်ရွက်မှုနှင့် တိုးတက်မှုခရီးစဉ်

# “ဆယ်နှစ်ပြည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်”

MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆယ်နှစ်ပြည့်အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး



### စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ လမ်းညွှန်အခြေခံမူများ

ကုလသမဂ္ဂ၏ “ကာကွယ်ခြင်း၊ လိုက်နာခြင်းနှင့် ကုစားခြင်း” ယန္တရားနှင့်အတူ လုပ်ကိုင်ဆောင်ရွက်နိုင်မည့် ကုလသမဂ္ဂ လမ်းညွှန်အခြေခံမူများတွင် “ကုမ္ပဏီများအနေဖြင့် လူ့အခွင့်အရေးများကိုလေးစားပြီး လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကုမ္ပဏီများအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ လုပ်သားများ (သို့) ဒေသခံလူထုအနေဖြင့်သော်လည်းကောင်း လုပ်ငန်းဆောင်ရွက်မှု၏အကျိုးဆက်အနေဖြင့် ဖြစ်ပေါ်ခံစားရသည့် ထိခိုက်နစ်နာမှုဆိုင်ရာ တောင်းဆိုချက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် နစ်နာမှုကုစားသည့်လုပ်ငန်းစဉ်တစ်ရပ် ထူထောင်ပြီး နစ်နာမှုကုစားရေးလုပ်ငန်းများကို ပံ့ပိုးသင့်သည်။” ဟု တိကျရှင်းလင်းစွာဖော်ပြထားသည်။

### လုပ်ငန်းစဉ်နှင့် ဆယ်နှစ်တာခရီး

MPRL E&P သည် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများကို တန်ဖိုးထားပြီး ယုံကြည်မှုတည်ဆောက်ရန်နှင့် လူမှုရေးအရ သဘောတူကြည်ဖြူမှုရရှိနိုင်ရန် ပွင့်လင်းမြင်သာမှုနှင့် ပွင့်လင်းမြင်သာသော ဆက်သွယ်ဆောင်ရွက်မှုသည် မရှိမဖြစ်လိုအပ်ကြောင်း အသိအမှတ်ပြုလက်ခံထားပါသည်။ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မူဝါဒများနှင့်အညီ MPRL E&P သည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (Myanma Oil & Gas Enterprise-MOGE) နှင့်ပူးပေါင်း၍ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့ရှိ မန်းရေနံမြေတွင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism-OGM) ကို ကြိုတင်ကာကွယ်မှုနှင့် ထိရောက်သောယန္တရားတစ်ခုအဖြစ် ၂၀၁၄ ခုနှစ်တွင် စတင်မိတ်ဆက်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းစဉ်သည် ပုံမှန်သက်ရောက်မှု ဆန်းစစ်ချက်များဖြင့် ရာနှုန်းပြည့်မှန်းဆ၍ မရနိုင်သည့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှု၏ နောက်ဆက်တွဲသက်ရောက်မှုများကို သတ်မှတ်ဖော်ထုတ်ဖြေရှင်းခြင်းဖြင့် ကုမ္ပဏီ၏ လူ့အခွင့်အရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုများကို ပိုမိုအားကောင်းစေသည့် ဆောင်ရွက်ချက်လည်းဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် စတင်ခဲ့သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် MPRL E&P နှင့် ဒေသခံများအကြား ပွင့်လင်းမြင်သာစွာဖြင့် အပြုသဘောဆောင်သည့် ဆက်ဆံရေးတိုးတက်တည်ဆောက်နိုင်ရန် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း အကြံပြုစာပေါင်း (၁၈၃) စောင်ကို ဤလုပ်ငန်းစဉ်ဖြင့် အောင်မြင်စွာ

စာမျက်နှာ - ၁၂ ➤

# မျိုးစေ့ဖူလုံပြည့်စုံဖို့...မျိုးစေ့ဘဏ်နှင့် လက်တွဲစို့



## မျိုးစေ့ဘဏ်စနစ်တွင် အဓိကပါဝင်သည့် မျိုးစေ့ဘဏ်ကော်မတီဝင်တစ်ဦးနှင့်တွေ့ဆုံခြင်း

MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မျိုးစေ့ဘဏ်စနစ်တွင် အဆိုပါစနစ်ကောင်းမွန်စွာလည်ပတ်နိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စီမံဆောင်ရွက်မည့်လုပ်ငန်းအဖွဲ့ဝင်အဖြစ် မျိုးစေ့ဘဏ်ကော်မတီများကို သက်ဆိုင်ရာကျေးရွာအလိုက် ဖွဲ့စည်းတည်ထောင်၍ လည်ပတ်လုပ်ကိုင်ခဲ့သည်။ မျိုးစေ့ဘဏ်စနစ်တွင် အရည်အသွေးပြည့်ဝသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ဈေးနှုန်းမှန်ကန်စွာ အလုံအလောက်ရရှိရန်၊ စနစ်တကျသိမ်းဆည်းတတ်ရန်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ ရရှိလာစေရန်ရည်ရွယ်၍ အဆိုပါဘဏ်စနစ်ကို သက်ဆိုင်ရာဒေသခံများ ပူးပေါင်းပါဝင်သည့်ပုံစံဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ အဆိုပါစနစ်တွင်ပါဝင်သည့် မျိုးစေ့ဘဏ်ကော်မတီဝင်များအနက် မန်းကျိုးကျေးရွာနေ ဦးဝင်းကိုနှင့် မေးမြန်းဆွေးနွေးမှုများကို ဖော်ပြအပ်ပါသည်။

**မျိုးစေ့ဘဏ်စနစ်မှာ ဦးဝင်းကိုအနေနဲ့ ပါဝင်လုပ်ကိုင်ရတဲ့အကြောင်းကို အားလုံးသိရအောင် မျှဝေပေးပါဦး။**

ကျွန်တော်က ဦးဝင်းကိုပါ။ မန်းကျိုးကျေးရွာဇာတိဖြစ်ပြီး MPRL E&P (CSR အစီအစဉ်) နဲ့ လုပ်ငန်းအတော်များများမှာ လက်တွဲလုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။ လက်ရှိမှာတော့ မန်းကျိုးကျေးရွာရဲ့ မျိုးစေ့ဘဏ်ကော်မတီဝင်အနေနဲ့ လုပ်ကိုင်နေပြီး ကျွန်တော်တို့ရပ်ရွာက စိုက်ပျိုးတောင်သူတွေအတွက်လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့တွေကို စိုက်ပျိုးရာသီတွေမှာ အချိန်နဲ့တပြေးညီ ဖြန့်ဝေခွဲပေးနိုင်အောင်၊ ပြန်သိမ်းနိုင်အောင်စတဲ့ လုပ်ငန်းတွေမှာ အဓိကပါဝင်လုပ်ကိုင်နေပါတယ်။

**မျိုးစေ့ဘဏ်ကော်မတီရဲ့ လုပ်ငန်းတွေမှာပါဝင်ခဲ့တာလည်းကြာပြီမို့ ဒီလိုဘဏ်စနစ်ရှိနေတာက ရပ်ရွာအတွက်ဘယ်လို အကျိုးပြုပါသလဲ။**

မန်းရေနံမြေက ထိစပ်ကျေးရွာမှာနေထိုင်ကြသူတွေ အများစုက စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြတာပါ။ ကျွန်တော်တို့ ကျေးရွာတွေမှာ မျိုးစေ့ဘဏ်နဲ့ ဘဏ်စနစ်လေးထားရှိပြီး မျိုးစေ့အပေးအယူ၊ အထုတ်အသွင်းလုပ်နိုင်နေတာကြောင့် ဘာစိုက်စိုက် မျိုးကောင်းမျိုးသန့်ကို လက်တကမ်းကနေ အလွယ်တကူရနိုင်သွားတာပါ။ နောက်ပြီး စိုက်ပျိုးရေးနည်းပညာရှင်တွေနဲ့ ချိတ်ဆက်လုပ်ကိုင်နိုင်ကြတော့ လက်ရှိစိုက်ပျိုးရေးနည်းပညာတွေ ဘယ်လိုအခြေအနေရှိလဲ၊ ဘယ်လိုနည်းသစ်တွေနဲ့စိုက်ရင် အထွက်နှုန်းတိုးမလဲဆိုတာတွေကိုပါ သိလာနိုင်တယ်။ ရာသီဥတုကိုချိန်ဆပြီး စိုက်ပျိုးရတဲ့အလုပ်တွေမှာ အံဝင်ခွင်ကျဖြစ်အောင်လုပ်လာနိုင်တော့ သီးနှံအထွက်နှုန်းလည်း တိုးလာတာကို တွေ့ရပါတယ်။



**MPRL E&P (CSR အစီအစဉ်) က ကြီးကြပ်ပြီးစတင်တည်ထောင်ပေးခဲ့တဲ့ မန်းကျိုးကျေးရွာရဲ့ မျိုးစေ့ဘဏ်ကော်မတီအနေနဲ့ လက်ရှိအခြေအနေလေးကိုလည်း ရှင်းပြပေးပါဦး။**

MPRL E&P (CSR အစီအစဉ်) ကနေ ကျွန်တော်တို့ကျေးရွာအတွက် မျိုးစေ့ဘဏ်ကို ကနဦးအစမှာ မျိုးစေ့တင်း (၄၀) စတင်မတည်ပေးခဲ့ပြီး လက်ရှိ မျိုးစေ့ဘဏ်မှာ တင်းရေ (၁၂၀) အထိ ရှိလာတာကို တွေ့ရပါတယ်။ အစဦးတုန်းက မျိုးစေ့ယူတဲ့တောင်သူ (၁၀) ဦးနဲ့ စတင်လည်ပတ်ခဲ့ပြီး အခုဆိုရင် ကျွန်တော်တို့ မန်းကျိုးကျေးရွာမျိုးစေ့ဘဏ်နဲ့ လက်တွဲလုပ်ကိုင်နေတဲ့ တောင်သူ (၂၀) ကျော်အထိ ရှိလာပါပြီ။

**မန်းကျိုးကျေးရွာရဲ့ မျိုးစေ့ဘဏ်အနေနဲ့ ဆက်ပြီးလုပ်ကိုင်မယ့်အစီအစဉ်တွေရှိရင်လည်း ပြောပြပေးပါဦး။**

ကျွန်တော်တို့ မန်းကျိုးမျိုးစေ့ဘဏ်ကော်မတီအနေနဲ့က မျိုးစေ့တွေဒီထက်ပိုပြီးများလာရင် ပိုလျှံတဲ့တချို့တစ်ဝက်ကိုရောင်းချပြီး ကျေးရွာအတွက် လိုအပ်တဲ့နေရာတွေမှာအသုံးပြုသွားမယ်လို့ လျာထားပါတယ်။ ဒါက မျိုးစေ့အကုန်လုံးကိုရောင်းမှာမဟုတ်ပါဘူး။ ဥပမာ မျိုးစေ့တင်း (၁၅၀) ရှိရင် (၁၀၀) ကို ဆက်ပွားထားပြီး ပိုတဲ့တင်းရေ (၅၀) လောက်ကို ရောင်းမယ်။ ရောင်းရငွေနဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ရန်ပုံငွေအနေနဲ့ ပြန်အသုံးပြုမယ်လို့တော့ လျာထားချက်ရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့မျိုးစေ့ဘဏ်မှာ တောင်သူတွေအတွက် ဒေသနှင့်ကိုက်ညီတဲ့ မျိုးစေ့တွေကို ရွေးချယ်စိုက်ပျိုးနိုင်ဖို့ အစီအစဉ်တချို့လုပ်ပေးနိုင်ဖို့ စဉ်းစားထားတာတွေလည်းရှိပါတယ်။

**အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။** ■



တို့မန်းမြေ သတင်းလွှာ

တို့မန်းမြေ သတင်းလွှာသည် MPRL E&P Pte Ltd. ၏ မူပိုင်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ထုတ်ဝေသည့် တို့မန်းမြေ သတင်းလွှာနှင့် သတင်းလွှာဆိုင်ရာ လိုဂိုအမှတ်အသား၊ သတင်းလွှာတွင်ရေးသားထားသည့် သတင်းနှင့် ဆောင်းပါးများကို တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ကူးယူ၍ တဆင့်ပြန်လည်ထုတ်ဝေခြင်း ခွင့်မပြုပါ။

**စာတည်းမှူး**
ဝတ်မှုံတင်လတ်
withmone.t.latt@mprlexp.com

**စာတည်း**
မိုးသူဇာစိုး
moe.tz.soe@mprlexp.com

ပြည့်ပြည့်ဖြိုး
pyae.p.phyo@mprlexp.com

**ဒီဇိုင်း**
ထက်လင်း
htet.linn@mprlexp.com

**MPRL E&P Pte Ltd.**
**CSR & Communications Department**

Vantage Tower - အမှတ် (၆၂၃)၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်
ဖုန်း - ၀၁ ၂၃၀ ၇၇၃၃
ဖက်စ် - ၀၁ ၂၃၀ ၇၇၆၆
အီးမေးလ် - mprlstaff@mprlexp.com
ဝက်ဘ်ဆိုဒ် - www.mprlexp.com

# မန်းရေနံမြေထိစပ်ကျေးရွာများတွင် ကွန်ကရစ်ရေကျော်တည်ဆောက်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ MPRL E&P ပံ့ပိုး



မန်းရေနံမြေထိစပ်ကျေးရွာများတွင် မိုးတွင်းကာလ၌ ရေကြီးရေလျှံ၍ မြေကျွံမှုများ လျော့နည်းသက်သာစေရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် လူမှုတာဝန်သိCSR လုပ်ငန်းအစီအစဉ်များအနက် ကွန်ကရစ်ရေကျော် တည်ဆောက်ခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို အောက်ကျောင်းကျေးရွာ၊ ပေါက်ကုန်းကျေးရွာ မူလတန်းကျောင်းနှင့် လေးအိမ်တန်းကျေးရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

အောက်ကျောင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်စိုးက "ကျွန်တော်ကအုပ်ချုပ်ရေးမှူးအနေနဲ့ တာဝန်ထမ်းဆောင်နေတာ တစ်နှစ်ခွဲနီးပါးရှိပါပြီ။ ကျွန်တော်တို့အောက်ကျောင်းက အိမ်ထောင်စု (၂၆၀) ရှိပြီး အိမ်ခြေအားဖြင့် (၂၄၈) အိမ်နဲ့ လူဦးရေ (၁,၁၃၈) ဦးနေထိုင်တဲ့ ရွာကြီးတစ်ရွာပါ။ ကျွန်တော်တို့ရွာအတွက် အမှန်တကယ်လိုအပ်နေတဲ့ ကွန်ကရစ်ရေကျော်တည်ဆောက်ခွင့်ရရှိအောင် တင်ပြနိုင်ခဲ့ပြီး MPRL E&P ကုမ္ပဏီရဲ့ (CSR အစီအစဉ်) ကနေ ခွင့်ပြုခဲ့တဲ့အတွက် ဒီနှစ်မှာ လုပ်ငန်းစတင်နိုင်ခဲ့ပါတယ်။ လုပ်ငန်းကာလတစ်လျှောက်လုံးမှာ CSR အဖွဲ့ဝင်တွေက ပစ္စည်းအရည်အသွေးပြည့်မီအောင်၊ အလေအလွင့်နည်းပါးအောင် သေချာဂရုတစိုက်နဲ့ အနီးကပ်ကြီးကြပ်ခဲ့ပါတယ်။ အခုဆို ရေကျော်ကွန်ကရစ်ခင်းထားတာကို ပစ္စည်းကောင်းနဲ့ လက်ရာကောင်းတာကြောင့် တွေ့တဲ့သူတိုင်းက ချီးမွမ်းကြတယ်။ အရင်က ရွာကို သုံးဘီး၊ ကား၊ ဆိုင်ကယ်တွေ အဝင်အထွက်ခက်ခဲခဲ့တော့ အခုလို ကွန်ကရစ်ရေကျော်ခင်းပြီး အဆင်ပြေပြေနဲ့သွားလာနိုင်တော့ ကျွန်တော်တို့ ကျေးရွာဒေသခံတွေကိုယ်စား အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရွာတွေမှာ စာသင်ကျောင်းနဲ့ တခြားဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ MPRL E&P CSR အစီအစဉ်ကနေပံ့ပိုးခဲ့တာမို့ CSR လုပ်ငန်းတွေကို အမြဲရှိစေချင်ပါတယ်။ အခုလို ကျေးရွာအရောက် ကူညီပံ့ပိုးပေးနေတဲ့ဝန်ထမ်းတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု မှတ်ချက်ပြုပြောကြားသည်။

အောက်ကျောင်းကျေးရွာရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေးစီးရေလာကောင်းမွန်ရေးလုပ်ငန်းများအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၃,၃၁၈,၁၅၀/ ပံ့ပိုးခဲ့ပြီး အောက်ကျောင်းကျေးရွာဒေသခံများက ကျပ် ၃၀၀,၀၀၀/ ပူးပေါင်းပါဝင်ခဲ့ရာ လုပ်ငန်းအားလုံးအတွက် ကျပ် ၃,၆၁၈,၁၅၀/ (ကျပ်သုံးဆယ့်ခြောက်သိန်းတစ်သောင်းရှစ်ထောင်တစ်ရာ့ငါးဆယ်) ဖြင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လုပ်ငန်းများပြီးစီးခဲ့သည်။

"အောက်ကျောင်းကျေးရွာက မိုးတွင်းဆို ရေကြီးရေလျှံ၊ ရေဝပ်တာကြောင့် နောက်ဆက်တွဲ ရေတိုက်စားမှု ဖြစ်လာတော့ သွားလာရတာ အဆင်မပြေတော့ပါဘူး။ နောက်ပြီး ရေစီးတအားသန်ချိန်ဆို ခင်းထားသမျှမြေနီတွေလည်း ပါကုန်တော့ အရင်က ကွန်ကရစ်တစ်ခါခင်းထားတာတောင် ကွန်ကရစ်သားက မထူတော့ ကားကြီးနဲ့ဆိုင်ကယ်သွားရင် အလေးချိန်မခံနိုင်ဘဲ ကျွံဝင်ကျိုးပဲ့ကုန်တာမို့ သွားလာရတာ အဆင်မပြေဖြစ်ခဲ့ပါတယ်။ အခု ရေကျော်ကွန်ကရစ်ခင်းတဲ့လမ်းက အောက်ကျောင်းနဲ့နန်းဦးကျေးရွာကို ဆက်သွယ်ထားတဲ့လမ်းဖြစ်တော့ သုံးတဲ့သူလည်းများတယ်။ ကား၊ ဆိုင်ကယ်တွေလည်း အသွားများပါတယ်။ ကျွန်မတို့ရပ်ရွာတွေအားလုံး ဖွံ့ဖြိုးတိုးတက်ဖို့က CSR လုပ်ငန်းတွေနဲ့ ပံ့ပိုးကူညီမှုတွေလိုအပ်ပါတယ်။ ကျေးရွာစေတနာ့ဝန်ထမ်းတစ်ယောက်အနေနဲ့လည်း တတ်နိုင်သမျှ ပူးပေါင်းပံ့ပိုးဖို့ စိတ်ပိုင်းဖြတ်ထားပါတယ်" ဟု အောက်ကျောင်းကျေးရွာ စေတနာ့ဝန်ထမ်း ဒေါ်မြင့်မြင့်ခိုင်က ဆိုသည်။

အလားတူ ပေါက်ကုန်းကျေးရွာ မူလတန်းကျောင်းအဝင်လမ်း ကွန်ကရစ်ရေကျော်လမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်အကောင်



အထည်ဖော်ခဲ့သည်။ အဆိုပါလုပ်ငန်းများအတွက် CSR လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မန်းရေနံမြေစီမံခန့်ခွဲရေး လုပ်ငန်းအဖွဲ့၏ Special Project Team အဖွဲ့ဝင်များပူးပေါင်း၍ မြေပြင်ကွင်းဆင်းလေ့လာခြင်း၊ ကွန်ကရစ်အရည်အသွေးနှင့် ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ကွန်ကရစ်ရေကျော်နှင့် ရေနုတ်မြောင်းတူးဖော်တည်ဆောက်ရေးလုပ်ငန်းများတွင် စံသတ်မှတ်ချက်များနှင့် ပြည့်မီရေးအတွက် စောင့်ကြည့်လေ့လာခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ပေါက်ကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က "ကျွန်တော်တို့ပေါက်ကုန်းက အိမ်ထောင်စု (၁၁၀) မှာ လူဦးရေ (၄၅၀) ရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ ပေါက်ကုန်းက မိုးတွင်းဆိုရင် ရွာထဲကရေမှန်သမျှက ကျောင်းထဲကို ဦးဒဟို စီးဝင်နေတော့ ချိုင့်၊ ဗွက်၊ ရေအိုင်တွေဖြစ်နေပြီး ဆရာ၊ ဆရာမ၊ ကျောင်းသားကျောင်းသူတွေ သွားလာရတာ အဆင်မပြေဖြစ်ခဲ့ပါတယ်။ အခုဆို ရေကျော်လမ်းခင်းပြီးတော့ ရေနုတ်မြောင်းပါဖောက်ထားတာမို့ ရေစီးရေလာလည်း ကောင်းသွားပါပြီ။ ဒီလိုပံ့ပိုးပေးတဲ့အပေါ် MPRL E&P နဲ့ CSR ဝန်ထမ်းတွေကို ကျေးဇူးအထူးတင်ပါတယ်" ဟု ဆိုသည်။



အဆိုပါစီမံချက်အတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၆,၂၇၈,၀၅၀/-(ကျပ်ခြောက်ဆယ့်နှစ်သိန်းခုနှစ်သောင်းရှစ်ထောင်ငါးဆယ်)နှင့် ပေါက်ကုန်းကျေးရွာဒေသခံများက ကျပ် ၄၂၀,၀၀၀/ (ကျပ်လေးသိန်းနှစ်သောင်း) ပူးပေါင်းပါဝင် အကုန်အကျခံ၍ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများအားလုံး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၃) ရက်နေ့တွင်ပြီးစီးခဲ့သည်။

ပေါက်ကုန်းကျေးရွာ အခြေခံပညာကျောင်းမှ ဆရာဦးချစ်ဝင်းက "အရင်က ကျောင်းအဝင်လမ်းက မိုးရေတိုက်စားတာကြောင့် ချိုင့်ခွက်တွေနဲ့မို့ သွားရေးလာရေး အဆင်မပြေပါဘူး။ ဆိုင်ကယ်စီးလို့မရဘူး။ အခုဆို ကျောင်းထဲအရောက် ဆိုင်ကယ်နဲ့လည်းဝင်လာလို့ရပြီမို့ ချောချောမွေ့မွေ့နဲ့ ဆရာ၊ ဆရာမတွေရော၊ ကျောင်းသား၊ ကျောင်းသူတွေအတွက်ပါ အတော်အဆင်ပြေသွားပါပြီ။ ရေစီးရေလာကောင်းမွန်ဖို့ပါ အုတ်ရေမြောင်းဖောက်ပေးလိုက်တော့ ရေကျော်တာ၊ အိုင်တာကိုလည်း ထိန်းပြီးသားဖြစ်သွားမှာပါ။ အခုလို ကျောင်းအင်္ဂါရပ်နဲ့အညီ သပ်ရပ်သန့်ရှင်းပြီး သွားလာရအဆင်ပြေအောင်ပံ့ပိုးပေးတဲ့ MPRL E&P (CSR အစီအစဉ်) ကို အထူးကျေးဇူးတင်ပါတယ်။" ဟု မှတ်ချက်ပြုသည်။

စာမျက်နှာ - ၄ ➤

# အေးမြနှင့်ကျွဲချကျေးရွာတို့တွင် ဆိုလာစွမ်းအင်သုံးရေစုပ်စက်နှင့်ဆက်စပ်ပစ္စည်းများ ပံ့ပိုးပြီးစီး

MPRL E&P သည် စွမ်းအင်ဝန်ကြီးဌာန၏ လျှစ်စစ်စွမ်းအင်သုံးလုပ်ငန်းများတွင် ဆိုလာစွမ်းအင်သုံးလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရန် တိုက်တွန်းအားပေးမှုကို လိုက်နာဆောင်ရွက်သည့်အနေဖြင့် ကုမ္ပဏီ၏ မန်းရေနံမြေဒေသဖွံ့ဖြိုးရေး CSR လုပ်ငန်းများတွင် လျှပ်စစ်စွမ်းအင်အစား ဆိုလာစွမ်းအင်သုံးလုပ်ငန်းများကို အစားထိုးဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း မန်းရေနံမြေထိစပ်ကျေးရွာများဖြစ်သည့် အေးမြနှင့်ကျွဲချကျေးရွာရှိ လျှပ်စစ်စွမ်းအင်သုံး ရေစုပ်စက်နှင့် ရေလှောင်ကန်တို့တွင် လျှပ်စစ်စွမ်းအင်အစား ဆိုလာစွမ်းအင်သုံးရေစုပ်စက်အဖြစ် ပြောင်းလဲပံ့ပိုးခဲ့သည်။

အဆိုပါအစီအစဉ်တွင် ကျွဲချကျေးရွာ ဆိုလာစွမ်းအင်သုံးရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၅,၆၀၆,၁၀၀/ (ကျပ်ငါးဆယ့်ခြောက်သိန်းခြောက်ထောင့်တစ်ရာ)နှင့် ကျွဲချကျေးရွာဒေသခံများက ကျပ် ၄၀၀,၀၀၀/ (ကျပ်လေးသိန်း) ကိုလည်းကောင်း၊ အေးမြကျေးရွာ ဆိုလာစွမ်းအင်သုံးရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၅,၂၇၈,၁၀၀/- (ကျပ်ငါးဆယ့်နှစ်သိန်းခုနှစ်သောင်းရှစ်ထောင့်တစ်ရာ)နှင့် အေးမြကျေးရွာဒေသခံများက ကျပ် ၄၀၀,၀၀၀/ (ကျပ်လေးသိန်း) တို့ကိုလည်းကောင်း ပံ့ပိုး၍ လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဆိုလာစွမ်းအင်သုံး ရေစုပ်စက်တပ်ဆင်သည့် လုပ်ငန်းများအားလုံး ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြီးစီးခဲ့သည်။




MPRL E&P သည် ကုမ္ပဏီ၏ မန်းရေနံမြေဒေသဖွံ့ဖြိုးရေး CSR လုပ်ငန်းများတွင် လျှပ်စစ်စွမ်းအင်အစား ဆိုလာစွမ်းအင်သုံးလုပ်ငန်းများကို အစားထိုးဆောင်ရွက်ခဲ့ရာ ယခုပြီးစီးသည့် ဆိုလာစနစ်သုံး ရေစုပ်စက်နှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်သည့်လုပ်ငန်း (၂) ခုအပါအဝင် ၂၀၂၃ ခုနှစ်၊ ဧပြီလတွင်လည်း မန်းကျိုးကျေးရွာ၌ ဆိုလာစွမ်းအင်သုံး ရေစုပ်စက်နှင့်ဆက်စပ်ပစ္စည်းများ ပံ့ပိုးခဲ့ပြီးသည်။ ■



| ဆိုလာစွမ်းအင်သုံးရေစုပ်စက်နှင့်ဆက်စပ်ပစ္စည်းများတပ်ဆင်ခြင်း | | |
|---|---|---|
| **ပူးပေါင်းပါဝင်ပံ့ပိုးမှု** | **ကျွဲချကျေးရွာ** | **အေးမြကျေးရွာ** |
| MPRL E&P ၏ ပံ့ပိုးမှု | ကျပ် ၅,၆၅၆,၁၀၀/ | ကျပ် ၅,၂၇၈,၁၀၀/ |
| ကျေးရွာဒေသခံများ၏ ပံ့ပိုးပါဝင်မှု | ကျပ် ၄၀၀,၀၀၀/ | ကျပ် ၄၀၀,၀၀၀/ |
| **စုစုပေါင်းတန်ဖိုး** | **ကျပ် ၆,၀၅၆,၁၀၀/** | **ကျပ် ၅,၆၇၈,၁၀၀/** |

စာမျက်နှာ - ၃ မှ အဆက် ➤

ထို့ပြင် မန်းရေနံမြေထိစပ်ကျေးရွာများတွင်ဆောင်ရွက်မည့် ကျေးရွာအခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းများကို CSR လုပ်ငန်းအဖွဲ့ဝင်များနှင့် Special Project Team လုပ်ငန်းအဖွဲ့ဝင်များက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်ပူးပေါင်း၍ အကြိုလေ့လာဆန်းစစ်မှုများဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ကြာကန်ကျေးရွာ၌ ရေတွင်းတူးဖော်ရေးနှင့် ကွန်ကရစ်ရေလှောင်ကန်တည်ဆောက်ရေးလုပ်ငန်းများအတွက် ကြိုတင်ဆန်းစစ်လျက်ရှိသည်။ မကြာသေးမီက ပြီးစီးခဲ့သည့် လေးအိမ်တန်းကျေးရွာ ကွန်ကရစ်ရေကျော် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လေးအိမ်တန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဇော်က လေးအိမ်တန်းကျေးရွာတွင် အိမ်ခြေ (၃၀၀)၊ အိမ်ထောင်စု (၃၃၀)၊ လူဦးရေ (၁,၂၃၅) ဦး ရှိကြောင်း၊ ကျေးရွာလမ်းဆုံနေရာသည် မိုးတွင်းကာလ မိုးရေဝင်ရောက်မှုများသည့်အတွက် သွားရေးလာရေးခက်ခဲမှုရှိပြီး လမ်းပြုပြင်မှုများ မကြာခဏပြုလုပ်ရကြောင်း၊ ရေကျော်တည်ဆောက်ရေးလုပ်ငန်းများကို ပံပိုးပေးခဲ့သည့် MPRL E&P (CSR အစီအစဉ်) ကို ကျေးဇူးအထူးတင်ကြောင်းနှင့် လက်ရှိတွင် လေးအိမ်တန်းကျေးရွာစာသင်ကျောင်းအတွက် ရေတွင်းတူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဆိုသည်။

ထို့ပြင် ကျေးရွာဒေသခံ ဦးဖိုးထူးက “ကျွန်တော်တို့ ရွာလမ်းဆုံနေရာက မိုးကာလဆိုရင် ဗွက်ထတာဆိုးလွန်းလို့ လွှစာမှုန့်၊ အုတ်နီခဲ၊ မြေနီကျောက်တွေ ခင်းခဲ့ရပါတယ်။ ဖြတ်သွားရသူတွေလည်း အတော်ဒုက္ခများပါတယ်။ ရေပိတ်ဆို့နေပြီး ရေစီးရေလာကလည်း မကောင်းတော့ ရေချောက်တွေဖြစ်နေတာလည်း ရှိပါတယ်။ အခုဆို ရေကျော်ကွန်ကရစ်ခင်းလိုက်တော့ ရေချောက်တွေလည်းမရှိတော့ဘဲ ရေတိုက်စားတာတွေလည်း ကာကွယ်ပြီးသား ဖြစ်သွားပါတယ်။ အခုလိုပံ့ပိုးကူညီပေးတဲ့ MPRL E&P (CSR အစီအစဉ်) ကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်” ဟု ကျေးဇူးတင်စကားဆိုသည်။





လေးအိမ်တန်းကျေးရွာတွင် ကွန်ကရစ်ရေကျော်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း စတင်ခဲ့ပြီး MPRL E&P (CSR အစီအစဉ်) ဖြင့် ကျပ် ၅,၂၂၃,၅၀၀/- (ကျပ်ငါးဆယ့်နှစ်သိန်းနှစ်သောင်းသုံးထောင့်ငါးရာ) ပံ့ပိုးခဲ့ပြီး လေးအိမ်တန်းကျေးရွာဒေသခံများက ကျပ် ၇၀၄,၀၀၀/- (ကျပ်ခုနှစ်သိန်းလေးထောင်ကျပ်) ပံ့ပိုးခဲ့သည်။ လုပ်ငန်းများအားလုံး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

အဆိုပါလုပ်ငန်းများနည်းတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလပတ်အတွင်း မန်းရေနံမြေရှိ အခြေခံပညာကျောင်းများတွင် တပ်ဆင်ထားပြီးဖြစ်သည့် ရေသန့်စက်များနှင့် လက်ဆေးစင်များ၏ ကြံ့ခိုင်သန့်ရှင်းမှုအခြေအနေကို စောင့်ကြည့်လေ့လာစစ်ဆေးခြင်းနှင့် လိုအပ်သည်များ ပံ့ပိုးခြင်း၊ အေးမြနှင့် ကျွဲချကျေးရွာတို့ရှိ ရေပေးဝေရေးစနစ်တွင် ဆိုလာစွမ်းအင်သုံးရေစုပ်စက်နှင့် ရေလှောင်ကန်များအဖြစ် အသစ်ပြောင်းလဲပံ့ပိုးခြင်း၊ အဆိုပါလုပ်ငန်းများအတွက် အလှူရှင်ကဗ္ဗည်းပြားများ တပ်ဆင်ခြင်း၊ သန့်ရှင်း၍စိမ်းလန်းသော ကျောင်းအစီအစဉ်တွင်ပါဝင်နိုင်ရန် လက်ပံတပင်ကျေးရွာ မူလတန်းကျောင်းအတွက် လိုအပ်သည်များ ပံ့ပိုးခြင်းနှင့် တိုးတက်ပြောင်းလဲမှုအခြေအနေကို လေ့လာစောင့်ကြည့်ခြင်း စသည့်လုပ်ငန်းများကို ကျေးရွာအခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ အခန်းကဏ္ဍတစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။ ■



# မန်းရေနံမြေထိစပ်ကျေးရွာများရှိ ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ

မန်းရေနံမြေတွင်မြေငွေ့ထိန်းစိုက်ပျိုးနည်းစနစ်ဖြင့် ခရမ်းချဉ်သီးနှံကို နှစ်စဉ်ထုတ်လုပ်လျက်ရှိရာ ယခုနှစ် စိုက်ပျိုးရာသီသစ်အတွက် ခရမ်းချဉ်တောင်သူ (၃၈) ဦး၏ စိုက်ပျိုးဧက (၁၀.၀၅) ဧကအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးနိုင်ခဲ့သည်။ စိုက်ပျိုးရာသီသစ်အစ မိုးကာလအတွင်း မုန်တိုင်းနှင့် ရေကြီးရေလျှံမှုများကြောင့် အချို့ကျေးရွာများရှိ စိုက်ပျိုးမြေများတွင် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။ သို့ဖြစ်၍ စိုက်ပျိုးချိန်နောက်ကျခြင်း၊ ပျိုးပင်များ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်မြေအဆင်သင့်မဖြစ်ခြင်း စသည့်အခက်အခဲများနှင့်ကြုံတွေ့ခဲ့ရသည်။ သို့သော်လည်း စိုက်ပျိုးချိန်နှောင်းပိုင်းတွင် စိုက်ပျိုးသည့် ခရမ်းချဉ်သီးနှံများ ခူးဆွတ်ချိန်တွင် ဈေးကောင်းရသည့် တောင်သူများလည်းရှိရာ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ခရမ်းချဉ်တစ်ပိဿာလျှင် ဈေးကွက်ပေါက်ဈေး ကျပ် ၂,၅၀၀/ ရှိပြီး သီးနှံခူးဆွတ်ပြီးစီးသည့်တောင်သူ (၂၁) ဦးက ခရမ်းချဉ်ပိဿာ ချိန် (၁၃,၈၉၀) ပိဿာ ခူးဆွတ်နိုင်ခဲ့သည်။ ခရမ်းချဉ်တောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေ၊ တွေ့ကြုံရသည့်အခက်အခဲများနှင့် သီးနှံရရှိမှုအခြေအနေများကို သိရှိနိုင်ရန် မေးမြန်းရေးသားဖော်ပြအပ်ပါသည်။



**ဒေါ်မာမာအေး**
ခရမ်းချဉ်တောင်သူ
မန်းကျိုးကျေးရွာ

ဒီနှစ်က ခရမ်းချဉ်ကို (၈) လပိုင်းမှာပျိုးပြီး (၉) လပိုင်း (၁၁) ရက်နေ့မှာ အခင်းထဲချစိုက်ပျိုးခဲ့ပါတယ်။ အသီးရတာတော့ (၁၂) လပိုင်း (၁၉) ရက်နေ့လောက်မှ စဆွတ်ခဲ့ရတာပါ။ အခုဆို အသီးဆွတ်ရတာ (၂၆) ကြိမ်မှာ ပိဿာချိန် (၃,၇၀၀) လောက် ရရှိနေပါပြီ။ ဒီနှစ်က (၉၀၉) မျိုးစေ့ တစ်မျိုးတည်းကိုပဲ စိုက်ခင်းအကျယ် (၀.၃၅) ဧက လောက်မှာ စိုက်ခဲ့တာပါ။ အစေ့ထုပ် (၂) ထုပ်ကို အပင်ရေ (၄,၀၀၀) လောက်စိုက်ခဲ့တာပါ။ ဒီနှစ်က ပျိုးပင်အရွယ်မှာ မိုးများတော့ စိုက်ရမယ့်အချိန်မှာ မစိုက်လိုက်ရဘဲ သက်တမ်းကြာပြီး နောက်ကျသွားတာပါ။ ခါတိုင်းက (၂၂) ရက်သားနဲ့ စိုက်ခင်းထဲ ချစိုက်လို့ရပေမယ့် ဒီနှစ်ကျတော့ (၃၅) ရက်သားလောက်မှ စိုက်လိုက်ရတယ်။ စိုက်ခင်းထဲကို အခင်းချချိန်မှာ အစပိုင်းတော့ မိုးရွာလိုက်၊ နေပူလိုက်နဲ့မို့ အပင်လေးတွေက ချိသွားပါတယ်။ အားဆေးနဲ့ မှိုဆေးတွေ ဖျန်းလိုက်တော့မှ အပင်လေးတွေ သန်လာတော့တယ်။ အရင်က ပျိုးပင်အခင်းချပြီး (၆၅) ရက်သားဆို အသီးစခူးရပြီ။ ဒီနှစ်က အစပိုင်းမှာ တော်တော်ပြုပြင်လိုက်ရပြီး နောက်ပိုင်းအရွက်တွေထွက်လာတော့မှ တောက်လျှောက်သန်လာပါတယ်။ လက်ဦးအပွင့်စပွင့်တဲ့ အချိန်မှာ မိုးရွာတာနဲ့ အပွင့်တွေ ကြွေကုန်တာ၊ နောက်တစ်သုတ်ပွင့်လာတော့လည်း မိုးရွာချတော့ အသီးတင်အောင် ဆေးဖျန်းလိုက်နဲ့ တော်တော်လုပ်ယူလိုက်ရပါတယ်။ အသီးသီးတဲ့အချိန်တော့ တော်တော်သီးပါတယ်။ တစ်ရက်ခြားခူးတာကို အချိန်ပိဿာ (၂၀၀) ကျော် (၃၀၀) နီးပါး ခူးရတယ်။ အသီးစခူးတော့ တစ်ပိဿာကို ၅,၃၀၀/ ဈေးနဲ့ ရောင်းရပါတယ်။ အားသားချက်ကတော့ အချိန်တိုအတွင်းမှာ ပိဿာချိန်များလို့ ပိုက်ဆံများများ ရလိုက်ပါတယ်။ နောက်ပြီး စစိုက်ခါစမှာ အပင်လေးတွေမသန်ပေမယ့် အသေအပျောက်နည်းခဲ့ပါတယ်။ ကုန်ဈေးနှုန်းတက်လို့ လုပ်အားခတွေကဈေးများပေမယ့် အသီးသီးတဲ့အချိန်မှာ အရမ်းမပြုပြင်ရတော့ လူဝင်ရနည်းသွားပါတယ်။ နောက်ထပ်လည်း အခင်းသစ်အတိုင်းပဲရှိနေပါသေးတယ်။ နည်းနည်းပြုပြင်လိုက်ရင် အရင်ပိဿာချိန်တွေထက် ပိုရဦးမယ်လို့ မှန်းထားပါတယ်။



**ဦးအောင်မြင့်စန်း**
ခရမ်းချဉ်တောင်သူ
မန်းကျိုးကျေးရွာ

ဒီနှစ်ရဲ့ ခရမ်းချဉ်စိုက်ပျိုးထုတ်လုပ်မှုကတော့ တောင်သူအကုန်လုံးအနေနဲ့ ခြုံကြည့်ရင်အဆင်ပြေကြပါတယ်။ ပထမပိုင်းမှာ မိုးများတော့ မကောင်းကြဘူး။ နောက်ပိုင်းစိုက်တဲ့တောင်သူတွေကတော့ အဆင်ပြေကြပါတယ်။ ကျွန်တော်ကတော့ ဒီနှစ်မှာ ခရမ်းချဉ်ကို (၂) ခင်းစိုက်ခဲ့ပြီး ပထမတစ်ခင်းကတော့ အစောပိုင်း (၇) လပိုင်းလောက်မှာ စစိုက်တာမို့ မိုးဒဏ်ကို တော်တော်ခံလိုက်ရပါတယ်။ မိုးများပြီး အသီးအပွင့်မတင်နိုင်တော့ အရင်နှစ်တွေကနဲ့ ယှဉ်ရင် အထွက်နှုန်းတော်တော်ကို နည်းပါးပါတယ်။ ကျွန်တော်တို့ နောက်ပိုင်း (၁) လလောက်မှ စိုက်တဲ့တောင်သူတွေကတော့ မိုးဒဏ်ကို သိပ်မခံလိုက်ရတော့ အသီးလည်းတင်ပြီး အထွက်နှုန်းလည်း ကောင်းကြပါတယ်။ ကျွန်တော်တို့နဲ့ တန်းတူစိုက်တဲ့တောင်သူတွေကတော့ အထွက်နှုန်းနည်းကြတယ်။ အထွက်နှုန်းနည်းပေမယ့်လည်း ဈေးကောင်းတဲ့အတွက် အဆင်ပြေကြပါတယ်။ အရင်နှစ်က ခရမ်းချဉ်သီး တစ်ပိဿာဈေးနှုန်းက အများဆုံး ၁,၈၀၀/ လောက်ပဲရှိခဲ့ပေမယ့် ဒီနှစ်အစောပိုင်းမှာ ၇,၀၀၀/, ၈,၀၀၀/ လောက်ထိ ဈေးရှိခဲ့တယ်။ အရင်နှစ်က မျိုး (၇၀၁) အစား ဒီနှစ်တော့ (၀၀၇) ဆိုတဲ့မျိုးကို ပြောင်းစိုက်ထားပါတယ်။ ကွာခြားချက်ကတော့ (၇၀၁) ဆိုတဲ့မျိုးက အသီးသီးပေမယ့် အလုံးသေးပါတယ်။ (၀၀၇) မျိုးကတော့ အလုံးလည်းကြီးပြီး နောက်ပိုင်းရောက်တဲ့အချိန်ထိ ရာသီဥတုဒဏ်ကိုလည်း ခံနိုင်ရည်ရှိပါတယ်။ ဒါနဲ့ ဒီနှစ်မှာ (၀၀၇) ဆိုတဲ့ ခရမ်းချဉ်မျိုးကို ကျွန်တော်တို့တောင်သူတွေ စမ်းစိုက်ကြည့်ခဲ့ကြတာပါ။

ခရမ်းချဉ်ကို ရေရှည်ခူးဆွတ်နိုင်အောင် ထိန်းသိမ်းဖို့အတွက်ဆို အရွက်ကိုက်ဖြတ်ပေးတာ၊ မြေဆီထည့်တာ၊ ရေသွင်း၊ ပိုးသတ်နှင့် အားဆေးဖျန်းတာတွေက မဖြစ်မနေလုပ်ဆောင်ပေးရပါတယ်။ အဓိကရင်ဆိုင်ရတဲ့အခက်အခဲကတော့ ရာသီဥတုဒဏ်ပါပဲ။ အစောပိုင်းစိုက်တော့လည်း

စာမျက်နှာ - ၈ ➤

# ကမ္ဘာ့နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမြင်သဘောထားများနှင့် လုပ်ငန်းအစီအစဉ်များကို မည်သို့ ဆွေးနွေးဆောင်ရွက်ကြသနည်း

၂၀၂၅ ခုနှစ်အတွင်း ကျင်းပမည့် အဓိကကမ္ဘာ့ညီလာခံများနှင့် ထိပ်သီးအစည်းအဝေးများဖြစ်သော "ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးထောက်ပံ့မှုဆိုင်ရာ စတုတ္ထအကြိမ်မြောက် နိုင်ငံတကာညီလာခံ"နှင့် "လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ထိပ်သီးအစည်းအဝေး" များသည် ကြုံတွေ့နေရသော ကမ္ဘာ့အကျပ်အတည်းများနှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာကြမည်ဖြစ်ပါသည်။ ယခုဆောင်းပါးတွင် ထိုကဲ့သို့သော တွေ့ဆုံဆွေးနွေးပွဲများ၏ အရေးပါမှု၊ သမိုင်းအကျဉ်းချုပ်၊ အထင်ကရ ဆွေးနွေးပွဲများအကြောင်းနှင့် ထိုသဘောတူညီမှုများက မိမိတို့လူသားတစ်ဦးချင်း၏ လူမှုဖွံ့ဖြိုးတိုးတက်မှုအတွက် မည်သို့ အကျိုးသက်ရောက်ဆက်စပ်နေသည်ကို ဆွေးနွေးသွားလိုပါသည်။

၁၉၄၀ ခုနှစ်ကတည်းကစတင်၍ ကမ္ဘာ့ညီလာခံများနှင့် ထိပ်သီးအစည်းအဝေးများကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်မှန်းချက်များအား အကောင်အထည်ဖော်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ပုံမှန်ကျင်းပပြုလုပ်လာခဲ့ကြသည်။ အဆိုပါတွေ့ဆုံပွဲများတွင် မူဝါဒပိုင်းဆိုင်ရာ အချေအတင် ဆွေးနွေးမှုများ ပြုလုပ်နေကျ ဖြစ်သော်လည်း လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ပြုလုပ်ခဲ့သည့် ညီလာခံများနှင့် ထိပ်သီးအစည်းအဝေးများသည် ကုလသမဂ္ဂအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအပိုင်းကဏ္ဍအလိုက် စံတန်ဖိုးများ၊ ရည်မှန်းချက်များ၊ မဟာဗျူဟာများနှင့် လက်တွေ့လုပ်ငန်းအစီအစဉ်များ ချမှတ်နိုင်သည်အထိ တက်ကြွစွာ ပါဝင်လှုပ်ရှားနိုင်စေခဲ့သည့် ထူးခြားသော အခင်းအကျင်းများပင် ဖြစ်သည်။ ကုလသမဂ္ဂသည် လက်ရှိနိုင်ငံတကာစနစ်၏ နိုင်ငံရေး ဗဟိုချက်မ ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအားလုံးက အဖွဲ့ဝင်အဖြစ် ပါဝင်လှုပ်ရှားနေသည့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သဖြင့် အမြင့်မားဆုံးသော တရားဝင်မှုကို ရရှိထားကြောင်း ထင်ဟပ်ခဲ့သည်။

စတင်ဖွဲ့စည်းပြီးနောက် ကုလ၏ အန္တိမရည်မှန်းချက်များစွာအနက်တစ်ခုမှာ လူ့အဖွဲ့အစည်းအတွင်း နေထိုင်ကြသည့် အခွင့်အရေးအနည်းပါးဆုံး၊ အင်အားအနည်းဆုံးနှင့် အထိခိုက်အလွယ်ဆုံးလူသားများကို စောင့်ရှောက်ကာကွယ်ခြင်းဖြစ်သည်။ ၎င်းတို့သည် စီးပွားရေးနိမ့်ကျမှု၊ လူမှုရေးအရ ဖယ်ကြဉ်ခံရမှု၊ ရွေးချယ်ခွင့်နှင့် လွတ်လပ်ခွင့်မရှိခြင်းစသော ပုံစံအမျိုးမျိုးဖြင့် ခွဲခြားဆက်ဆံမှုများစွာကို တွေ့ကြုံခံစားနေရသည်။ ထို့ကြောင့် ကမ္ဘာ့ညီလာခံများ၏ ရည်ရွယ်ချက်တစ်ခုမှာ ထိုကဲ့သို့ မညီမျှမှုများအတွက် အတူတကွ ဆွေးနွေးအဖြေရှာခြင်းဖြစ်သည်။ ကမ္ဘာ့လူ့အသိုက်အမြုံ၏ တာဝန်ရှိမှုအဖြစ် ကမ္ဘာ့အဆင်းရဲဆုံး၊ အင်အားအနည်းဆုံးနှင့် အထိခိုက်အလွယ်ဆုံး လူသားထု၏ အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းကြခြင်းလည်းဖြစ်သည်။ ၁၉၈၀ ခုနှစ်များအတွင်း ပထမဆုံးညီလာခံကိုလည်း ကမ္ဘာ့ကလေးသူငယ်များရန်ပုံငွေအဖွဲ့ ယူနီဆက်က အကြံပြုသည့်အတိုင်း ကမ္ဘာ့ကလေးသူငယ်များနှင့်ပတ်သက်၍ ပြုလုပ်ခဲ့ပြီး နိုင်ငံပေါင်း (၁၆၀) နီးပါး တက်ရောက်ခဲ့ကြသည်။ ထိုညီလာခံတွင် ကလေးသူငယ်များ၏ အသက်ရှင်သန်ရေး၊ ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ကြေညာစာတမ်းနှင့် လုပ်ငန်းအစီအစဉ်များ ပေါ်ပေါက်လာခဲ့သည်။

အဆိုပါအခမ်းအနားများကို နိုင်ငံအားလုံးပါဝင်သည့် အထွေထွေညီလာခံက ပြုလုပ်ခဲ့ခြင်းဖြစ်သော်လည်း နိုင်ငံများအားလုံးကို ကိုယ်စားပြုသည်ဟု မူလက ယူဆခဲ့ခြင်း မရှိပေ။ အချို့အစီအစဉ်များမှာ နှစ်ပေါင်းများစွာ အစိုးရအချင်းချင်းအကြား ဆွေးနွေးမှုများမှ ပေါ်ပေါက်လာခြင်းဖြစ်ခဲ့သည်။ သို့သော် ၁၉၉၀ ခုနှစ်များတွင် အပြောင်းအလဲများကို စတင်မြင်လာရသည်။ အဆိုပါညီလာခံများသည် နိုင်ငံများအကြားရှိ ပိုမိုကျယ်ပြန့်သည့် ဖွံ့ဖြိုးတိုးတက်ရေး အမြင်သဘောထားတစ်ရပ်ကို တစ်စတစ်စ ထင်ဟပ်ပြသလာခဲ့သည်။ ညီလာခံတစ်ခုစီသည် အကြောင်းအရာတစ်ခုကိုသာ အဓိကဆွေးနွေးကြသော်လည်း ဖွံ့ဖြိုးရေးခေါင်းစဉ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေသောကြောင့် ညီလာခံတစ်ခု၏ဆွေးနွေးချက်က အခြားညီလာခံတစ်ခု၏ဆွေးနွေးချက်ကို အားကောင်းစေသည်။ အားလုံးပေါင်းစပ်လိုက်ပါက ကုလသမဂ္ဂ၏ ပြီးပြည့်စုံသည့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းညွှန်ဟူ၍ ကျယ်ကျယ်ပြန့်ပြန့် တိတိကျကျ ရုပ်လုံးပေါ်လာခဲ့သည်။

ဥပမာအားဖြင့် ၁၉၉၂ ခုနှစ်၊ ဇွန်လတွင် ဘရာဇီးနိုင်ငံရှိ ရီယိုဒီဂျနေးရိုးမြို့၌ ပြုလုပ်ခဲ့ပြီး မြေကမ္ဘာထိပ်သီးအစည်းအဝေး (Earth Summit) ဟု လူသိများသည့် "သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ညီလာခံ" သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြန်လည်စဉ်းစားသုံးသပ်ရန်၊ အစားထိုးရန် မဖြစ်နိုင်သည့် သယံဇာတရင်းမြစ်များအားဖျက်ဆီးခြင်းကို ရပ်တန့်ရန်၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် အခြားပတ်ဝန်းကျင် ညစ်ညမ်းမှုများအား တားမြစ်ကန့်သတ်ရန် ရည်ရွယ်ခဲ့သည်။ ထိုညီလာခံတွင် နိုင်ငံတိုင်းသည် မိမိတို့၏ စီးပွားရေးမူဝါဒများမှ ပေါ်ထွက်လာသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကျိုးဆက်များကို လုံးဝတာဝန်ယူရမည်ဖြစ်ကြောင်း သတ်မှတ်ခဲ့သည်။ ထို့အပြင် နိုင်ငံတိုင်းသည် အဆိပ်အတောက်ဖြစ်စေသော အရာများထုတ်လုပ်မှုကို စောင့်ကြည့်စစ်ဆေးခြင်း၊ ရုပ်ကြွင်းလောင်စာကိုလျှော့ချ၍ အစိမ်းရောင်စွမ်းအင်ရင်းမြစ်များ ပိုမိုအစားထိုးသုံးစွဲခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို တိုးတက်ကောင်းမွန်စေခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို မူဝါဒပိုင်းဆိုင်ရာအရ ဆွေးနွေးသဘောတူခဲ့ကြသည်။ အဓိကအားဖြင့် အဆိုပါဆွေးနွေးပွဲတွင် "ရေရှည်တည်တံ့ခိုင်မာသော ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အတွက် သဘောထားများနှင့်အပြုအမူများကို ပြောင်းလဲရန်လိုအပ်နေပြီ" ဟူသော သဘောထားတစ်ရပ်ကို နိုင်ငံများအကြား ထပ်တူချမှတ်ကြေညာနိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၉၅ ခုနှစ်၊ မတ်လတွင် ဒိန်းမတ်နိုင်ငံ၏ မြို့တော်ကိုပင်ဟေဂင်၌ "လူမှုဖွံ့ဖြိုးတိုးတက်မှု (Social Development) ဆိုင်ရာ ကမ္ဘာ့ထိပ်သီးအစည်းအဝေး" ကို ကျင်းပခဲ့ပြီး လူမှု



ဖွံ့ဖြိုးတိုးတက်မှုအတွက်လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဥပဒေဆိုင်ရာ ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးဖြစ်ပေါ်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ပညာရေးနှင့်ကျန်းမာရေးကို လူတိုင်းတန်းတူရရှိရေး၊ လုံလောက်သော လုပ်ခလစာရရှိရေးနှင့် အလုပ်အကိုင်တိုးပွားရေး၊ ယဉ်ကျေးမှု၊ ဘာသာစကား စသဖြင့် လူသားအချင်းချင်းအကြား အပြန်အလှန်ခင်မင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ (Social Integration) တိုးပွားရေးကို ဖောင်းပေးခဲ့သည်။ ထိုကတိကဝတ်များကို ထိုအချိန်အထိ နိုင်ငံ့ခေါင်းဆောင်အရေအတွက် အများဆုံးတက်ရောက်ခဲ့သည့် အဆိုပါညီလာခံတွင် ချမှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် လူသားတို့၏ ဦးစားပေးကိစ္စရပ်များ ဆက်လက်ပြောင်းလဲနေပြီး လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရည်မှန်းချက်များအားလုံးသည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေ၍ တူညီသောအရေးပါမှု ရှိလာခဲ့သည်ကို ပြသနေခြင်းလည်းဖြစ်သည်။ နိုင်ငံ့ဝင်ငွေတိုးတက်မှုတစ်ခုတည်းကိုသာ မကြည့်ဘဲ လူသားတစ်ဦး၏ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ပြည့်စုံရေးကိုရည်မှန်းကြောင်း အတိအလင်းဖော်ထုတ်ကြေညာခဲ့ခြင်းလည်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူလူထုကိုကိုယ်စားပြုသည့် အစိုးရများအနေဖြင့် လူထု၏ လိုလားချက်များအတိုင်း ဘဝအရည်အသွေးတိုးတက်စေရေးနှင့် ဆက်စပ်သည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထင်ရှားစေခဲ့သည်။

ကုလသမဂ္ဂ၏ ညီလာခံများသည် လူ့အခွင့်အရေး၊ လူဦးရေ၊ အစားအစာ၊ ပညာရေး၊ ကုန်သွယ်မှု၊ ဘဏ္ဍာရေး၊ နည်းပညာ၊ လူငယ်၊ သက်ကြီးရွယ်အို၊ သဘာဝဘေးလျှော့ချရေး၊ ရာဇဝတ်မှုလျှော့ချရေး အစရှိသဖြင့် လူသားများနှင့် ပတ်သက်သည့်အကြောင်းအရာများကိုလည်း ကျင်းပဆွေးနွေးခဲ့ကြသည်။ ထိုအကြောင်းအရာတစ်ခုစီသည် ကမ္ဘာပေါ်ရှိ လူသားများအားလုံးနှင့် သက်ဆိုင်နေကြောင်း၊ ထိုပြဿနာများကိုဖြေရှင်းရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ကြိမ်ဖန်များစွာပြသခဲ့သည်။ ထို့အပြင် နိုင်ငံတကာရည်မှန်းချက်များ၊ စံချိန်စံညွှန်းများ၊ အားပေးထောက်ခံသည့် မူဝါဒများနှင့် ပူးပေါင်းဆောင်ရွက်မှုများ (Joint Programming) ကိုလည်း ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

မည်သို့ပင် နိုင်ငံတကာမျက်နှာစာတွင် တွေ့ဆုံဆွေးနွေးသဘောတူကြစေကာမူ အဆိုပါဆွေးနွေးပွဲတိုင်း၏ အခြေခံကျကျ တသမတ်တည်းအကြံပြုချက်မှာ နိုင်ငံတိုင်းသည် မိမိတို့၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုံးဝတာဝန်ရှိသည်ဟူသောအချက်ဖြစ်သည်။ မိမိနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့တာဝန်ယူခြင်းသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်လာခြင်း၏ နောက်ဆက်တွဲလုပ်ငန်းစဉ်လည်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ မူဝါဒများနှင့် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများသည် နိုင်ငံသူနိုင်ငံသားများအတွက် အလွန်အရေးပါပြီး ၎င်းတို့ကို နိုင်ငံတကာအလှူရှင်များနှင့် အကူအညီပေးရေးအဖွဲ့အစည်းများကလည်း လေးစားလိုက်နာရန် ကတိပြုထားသည်။ အဓိကအားဖြင့် အထက်တွင်ဖော်ပြခဲ့သော နိုင်ငံတကာညီလာခံများတွင် သဘောတူညီခဲ့သည့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး




ရည်မှန်းချက်မူဘောင်များနှင့်အညီ ဖွံ့ဖြိုးဆဲအနေဖြင့် ပြီးပြည့်စုံသည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကို စတင်ချမှတ်ကျင့်သုံးရန် ၂၀၀၅ ခုနှစ် ထိပ်သီးအစည်းအဝေး၌ ကုလအဖွဲ့ဝင်နိုင်ငံများအားလုံး သဘောတူညီခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံများအနေဖြင့် ၎င်းတို့၏ နိုင်ငံတကာကတိကဝတ်များနှင့် ဦးစားပေး ပြည်တွင်းမူဝါဒများအကြား ထိန်းညှိရန်လိုအပ်ကြောင်း အသိအမှတ်ပြုခဲ့ကြသည်။

နိုင်ငံတစ်ခု၏ ရေလတ်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများတွင် ယေဘုယျအားဖြင့် အမျိုးသားရည်မှန်းချက်များ၊ အချိန်ဇယားများ၊ တိုင်းတာမှုများနှင့် အညွှန်းကိန်းများ၊ တာဝန်ရှိအဖွဲ့အစည်းများ၊ ကုန်ကျစရိတ်များ ဖော်ပြထားတတ်သည်။ ထို့ပြင် ငြိမ်းချမ်းမှုနှင့် တရားမျှတမှုကို ထည့်သွင်းဖော်ပြခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ချက်များနှင့် နိုင်ငံတကာအကူအညီများအတွက် လိုအပ်သည့်ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖြစ်ပေါ်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ဖော်ပြပါ ကမ္ဘာ့ညီလာခံများ ပြုလုပ်ခဲ့သည့်အချိန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ပြည်တွင်းပဋိပက္ခများ ဖြစ်ပွားနေခဲ့သည့် ကာလလည်းဖြစ်သည်။ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအခွင့်အလမ်း ကင်းမဲ့ခြင်းတို့ကြောင့် ပြည်တွင်းရေး မတည်ငြိမ်မှုမှသည် အကြမ်းဖက်ခြင်းနှင့် ပြည်တွင်းစစ်များအထိ ဖြစ်ပွားခဲ့သည်။ ချက်ချင်း အကျိုးဆက်အဖြစ် လူပေါင်းများစွာ သေဆုံးခြင်း၊ လူအမြောက်အမြား အိုးအိမ်စွန့်ခွာထွက်ပြေးရခြင်း၊ ပုဂ္ဂလိကပိုင်နှင့် အများပြည်သူပိုင်ပစ္စည်းများ ဖျက်ဆီးခံရခြင်း၊ နိုင်ငံ၏ အုပ်ချုပ်မှုယန္တရားများ ယိမ်းယိုင်ပြိုလဲခြင်း အစရှိသဖြင့် ဖြစ်ပေါ်ပြီး လူသားများ၏ ထိခိုက်နာကျင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဆုတ်ယုတ်ခြင်းအတိုင်းအတာ အလွန်ကြီးမားခဲ့သည်။

ထို့ကြောင့် ငြိမ်းချမ်းမှုနှင့်လုံခြုံမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်သကဲ့သို့ အောင်မြင်သည့်ဖွံ့ဖြိုးတိုးတက်မှုသည် ပဋိပက္ခဖြစ်ပွားစေသည့်တင်းမာမှုအချို့ကို လျှော့ချပေးနိုင်သည့်အတွက် ငြိမ်းချမ်းမှုနှင့်လုံခြုံမှုကို ရရှိစေနိုင်သည်ဟု တွေ့မြင်ရပါသည်။ ထိုကဲ့သို့ အပြန်အလှန်ချိတ်ဆက်မှုများ ရှိသော်လည်း လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခများနှင့် အကြမ်းဖက်မှုများကိုလျှော့ချခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရှေးဦးလိုအပ်ချက်များပင် ဖြစ်လေသည်။ အစိုးရများအားလုံး၏ အဓိကတာဝန်မှာ မိမိတို့နယ်နိမိတ်အတွင်း ငြိမ်းချမ်းမှုနှင့်လုံခြုံမှု ဖြစ်ပေါ်စေရေးဖြစ်သည်။ လတ်တလော ပဋိပက္ခများ ဖြစ်ပွားခဲ့ပါက အစိုးရများသည် ထိုပဋိပက္ခများ ထပ်မံဖြစ်ပွားခြင်းမရှိရန် တားဆီးကာကွယ်ခြင်း၊ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ခြင်း၊ လူ့အဖွဲ့အစည်းကို ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကိုလုပ်ဆောင်ရန်တာဝန်ရှိသည်။

ကမ္ဘာ့ညီလာခံများသည် ဒီမိုကရေစီတန်ဖိုးများကို မြှင့်တင်ရန် သဘောတူညီထားကြပြီး၊ တစ်ကမ္ဘာလုံးက လက်ခံထားသည့် ဒီမိုကရေစီသဘောတရား (Universal Value of Democracy) ဆိုသည်မှာ မိမိတို့၏ နေ့စဉ်ဘဝအပေါ် အကျိုးသက်ရောက်နေသည့်ကိစ္စရပ်များတွင် ပြည်သူလူထုက ပါဝင်ဆောင်ရွက်နိုင်ရေးပင်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ယနေ့နိုင်ငံများစွာ၌ ဈေးကွက်နှင့် ပုဂ္ဂလိကကဏ္ဍတို့သည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့တန်းက အရေးပါနေပြီး နိုင်ငံတစ်ခု၏ မက်ခရိုစီးပွားရေးမူဝါဒများ (Macroeconomic Policies) သည် ၎င်းတို့၏အပြုအမူများအပေါ် သက်ရောက်မှုရှိနေသည်။ အဆိုပါမူဝါဒများသည် စီးပွားရေးတိုးတက်မှု ရေရှည်ထိန်းသိမ်းရေး၊ အလုပ်အကိုင်ရရှိရေး၊ ကုန်ဈေးနှုန်းများ တည်ငြိမ်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးတို့ကို အဓိကရည်ရွယ်သည်။ တည်ငြိမ်ကောင်းမွန်သည့် မက်ခရိုစီးပွားရေးမူဝါဒများက လူမှုဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်ပြီး တန်းတူညီမျှမှုကို တွန်းအားပေးသည့် စီးပွားရေးကဏ္ဍအလိုက်မူဝါဒများလည်း လိုအပ်သည်။ ထို့ပြင် ကာကွယ်ရေးအသုံးစရိတ်နှင့် လူသားများအတွက် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှု၊ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်ရေး ရည်မှန်းချက်များအကြား ဟန်ချက်ထိန်းသိမ်းရန်လိုအပ်ကြောင်း အဆိုပါအစည်းအဝေးများတွင် မကြာခဏဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ - ၈ ➤

စာမျက်နှာ – ၇ မှ အဆက်

တစ်ဖန် ရေရှည်စီးပွားရေးတိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းနိုင်ရန် နိုင်ငံအတွင်း ငွေကြေးစုဆောင်းမှုနှင့် ရင်းနှီးမြုပ်နှံမှုများတိုးပွားလာရန် လိုအပ်ကြောင်း ဆိုထားသည်။ အဓိကအားဖြင့် ၂၀၀၂ ခုနှစ်၊ မတ်လ၌ ပြုလုပ်ခဲ့သည့် "ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘဏ္ဍာရေးညီလာခံသဘောတူညီချက် (Monterrey Consensus)" အရ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ပြည်တွင်းငွေကြေးစုဆောင်းမှုနှင့် ရင်းနှီးမြုပ်နှံမှုအတွက် လိုအပ်သည့်အခြေအနေကောင်းများ ဖန်တီးပေးရမည်ဖြစ်သည်။ ပွင့်လင်းမြင်သာပြီး တည်ငြိမ်၍ ခန့်မှန်းနိုင်သော စီးပွားရေးပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာသည့်အခါ လူပုဂ္ဂိုလ်အသီးသီးနှင့် အသင်းအဖွဲ့များသည် ရင်းနှီးမြုပ်နှံမှုများနှင့် ငွေကြေးစုဆောင်းမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်လာနိုင်မည်ဖြစ်လေသည်။

သို့ဖြစ်၍ လူမှုဖွံ့ဖြိုးတိုးတက်မှုအတွက် ဒုတိယအကြိမ်ကမ္ဘာ့ထိပ်သီးအစည်းအဝေးသို့ မျှော်ကြည့်လိုက်ပါက ပထမထိပ်သီးအစည်းအဝေးမှစတင်၍ ယနေ့အထိ နှစ်ပေါင်းသုံးဆယ်တိုင်အောင် ကမ္ဘာသည် လူသားများ၏ ဖွံ့ဖြိုးတိုးတက်မှုကို တစိုက်မတ်မတ် အာရုံစိုက်မျှော်မှန်းဆောင်ရွက်ခဲ့ကြောင်းသိနိုင်သည်။ ထိုမျှော်မှန်းချက်ကိုအခြေခံ၍ ၂၀၃၀ ခုနှစ်အမီ လူသားများ၏ ရေရှည်တည်တံ့ခိုင်မာသော ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကိုလည်း ကမ္ဘာ့နိုင်ငံများအကြား သဘောတူညီချမှတ်နိုင်ခဲ့သည်။ များစွာသော အောင်မြင်မှုများလည်း ရရှိခဲ့သည်။ သို့သော် မကြာသေးမီနှစ်များအတွင်း လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များ နောက်ပြန်ဆုတ်ခြင်းနှင့် စိန်ခေါ်မှုအသစ်များ ကြုံတွေ့လာရခြင်းများ ဖြစ်ပေါ်ခဲ့သည်။ အထူးသဖြင့် ကိုဗစ်- ၁၉ ကပ်ရောဂါသည် နှစ်ပေါင်းနှစ်ဆယ်အတွင်း ကမ္ဘာ့အလွန်အမင်းဆင်းရဲမွဲတေခြင်းကို ပထမဆုံးအကြိမ် ပြန်လည်ဖြစ်ပေါ်စေခဲ့ကြောင်းတွေ့ခဲ့ရသည်။ ထို့အပြင် ဝင်ငွေနည်းပါးသည့်နိုင်ငံများ၏ ထက်ဝက်ကျော်သည် ကိုဗစ်-၁၉ အလွန်တွင် ပညာရေးရင်းနှီးမြုပ်နှံမှုအသုံးစရိတ်များကို လျှော့ချလာကြောင်းသိရသည်။ အထူးသဖြင့် ဝင်ငွေနည်းပါးသည့်နိုင်ငံများရှိ အိမ်ထောင်စုများသည် ဆင်းရဲမွဲတေခြင်းထောင်ချောက်အတွင်းသို့ ပြန်လည်ပိတ်မိနေသည့် အခြေအနေဖြစ်သည်။ ထိုအိမ်ထောင်စုများ၏ ကလေးသူငယ်များသည် အာဟာရ မပြည့်စုံခြင်းကို ခံစားနေရပြီး




ကျန်းမာရေး၊ ပညာရေးနှင့် ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ တစ်သက်တာနစ်နာမှုများ ကြုံရနိုင်သည်။ ထိုအခြေအနေသည် ၎င်းတို့၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးကို များစွာနောက်ကျကျန်ရစ်စေနိုင်သည်။ အလားတူနိုင်ငံအများအပြား၌ အလုပ်အကိုင်နှင့် ဝင်ငွေရရှိမှု မညီမျှမှုများလည်း တိုးပွားနေကြောင်း သိရှိရသည်။ ထိုအနေအထားများအားလုံးကို အဆင်းရဲဆုံးနှင့် အထိခိုက်အလွယ်ဆုံး လူဦးရေအစိတ်အပိုင်းများက အဓိကကြုံတွေ့ခံစားရဖွယ်ရှိကြောင်း သတိပေးနေကြသည်။

လူ့အဖွဲ့အစည်းအတွင်း မတည်ငြိမ်မှုများနှင့် အကျပ်အတည်းများ ဖြစ်စေနိုင်သည့်အကြောင်းရင်းများကို ပိုမိုသိရှိနားလည်လာခဲ့သော်လည်း ၎င်းတို့ကို ရင်ဆိုင်ကျော်လွှားရန် ကြိုတင်ပြင်ဆင်ထားနိုင်သည့် နိုင်ငံအရေအတွက် အလွန်နည်းပါးနေသည်ဟု ဆိုကြသည်။ ထိုအကျပ်အတည်းများ ပေါင်းစုံလာပါက လူမှုဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဟန့်တားကြောင်းလည်း ကမ္ဘာတစ်လွှားက ကိန်းဂဏန်းများနှင့် သုတေသနများက ပြဆိုနေသည်။ ယနေ့ကာလတွင် အကျပ်အတည်းများသည် ပိုမိုမြန်ဆန်စွာ ဖြစ်ပွားနေပြီး အထူးသဖြင့် ရာသီဥတုဆိုင်ရာအပြောင်းအလဲ၏အကျိုးဆက်များကို ကမ္ဘာ့နေရာအသီးသီးတွင် တစ်ပြိုင်နက် (သို့မဟုတ်) ဆက်တိုက်ဆိုသလို ရင်ဆိုင်ရဖွယ်ရှိကြောင်း ခန့်မှန်းနေကြသည်။ ၎င်းတို့သည် စိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်မှုကို အဓိကခြိမ်းခြောက် နေပြီး ကမ္ဘာ့နိုင်ငံများ၏ ဘဏ္ဍာရေးတည်ငြိမ်မှုကိုလည်း ထိခိုက်စေမည်ဖြစ်ကြောင်း သုံးသပ်နေကြသည်။ သို့သော် ကိန်းဂဏန်းများက နိုင်ငံများတွင် သဘာဝဘေးဆိုင်ရာ ကြိုတင်သတိပေးစနစ်များ (Early Warning Systems for Natural Disasters) ကို တပ်ဆင်အသုံးပြုနိုင်သည့်အနေအထား အလွန်နည်းပါးနေကြောင်း ထောက်ပြနေသည်။ ထို့ပြင် လူများစွာသည် လူမှုကာကွယ်ရေးအစောင့်အရှောက် (Social Protection Coverage) ခံယူထားခြင်း မရှိသဖြင့် တစ်စုံတစ်ရာ အရေးပေါ်အခြေအနေကြုံတွေ့ရပါက အကာအကွယ်မရှိထားသဖြင့် အလွယ်တကူ ထိခိုက်နစ်နာနိုင်သည့် အနေအထားရှိကြောင်း သတိပေးနေသည်။ ဥပမာ ကမ္ဘာ့လူဦးရေ၏ လေးဘီလျံကျော်သည် တစ်စုံတစ်ရာ လူမှုအကာအကွယ်ရရှိထားခြင်းမရှိဟုဆိုသည်။ အလုပ်လုပ်နိုင်သူ ဦးရေ၏ သုံးဆယ်ရာခိုင်နှုန်းကျော်သာ လူမှုဖူလုံရေးစနစ်တွင်ပါဝင်ကြောင်း သိရသည်။ နှိုင်းယှဉ်ကြည့်ပါက ချမ်းသာသည့်နိုင်ငံများတွင် ပျမ်းမျှလူဦးရေ၏ (၈၅) ရာခိုင်နှုန်းသည် အနည်းဆုံး လူမှုအကာအကွယ်စောင့်ရှောက်မှုတစ်ခုခံယူထားပြီး ထိုနှုန်းထားမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် (၁၃) ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရသည်။

အဆိုပါအခြေအနေများကို ခြုံငုံသုံးသပ်ပါက လူမှုဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ ပြောင်းလဲခဲ့ပြီဖြစ်သော စိန်ခေါ်မှုများ ပြည့်နှက်နေသည့်ပတ်ဝန်းကျင်ကို တွေ့ရမည်ဖြစ်ပြီး ရှုပ်ထွေးနက်နဲသည့် အကျပ်အတည်းများသည် ဘက်ပေါင်းစုံအကြပ်အတည်းများအဖြစ်သို့ ဆိုက်ရောက်သွားနိုင်သည့်အလားအလာ ပိုမိုများပြားလာကြောင်း တွေ့ရသည်။ လက်ရှိအချိန်၌ အမျိုးသားလုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုသည်မှာ လူအင်အား၊ လက်နက်ခဲယမ်းအင်အားများ ကောင်းမွန်ခြင်းသာမက အမျိုးမျိုးသော လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကမ္ဘာ့စိန်ခေါ်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခြင်းကိုလည်း ဆိုလိုသည်။ ထို့ကြောင့် ထိုအနေအထားတွင် လူမှုဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို ကမ္ဘာ့ခေါင်းဆောင်များက လာမည့်ဆွေးနွေးပွဲများ၌ မည်သို့မည်ပုံ အရှိန်အဟုန် ဆက်လက်မြှင့်တင်သွားမည်ဆိုသည်မှာ အထူးစိတ်ဝင်တစား စောင့်ကြည့်ဖွယ်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ■

(ကုလသမဂ္ဂ၏ Department of Economic and Social Affairs က ထုတ်ပြန်သည့် စာအုပ်စာတမ်းများကို ရည်ညွှန်းကိုးကားသည်။)

စာမျက်နှာ – ၅ မှ အဆက်

ဈေးကောင်းရပေမယ့် မိုးဒဏ်ကြောင့် အသီးနည်းတော့ အဆင်မပြေခဲ့ဘူး။ နောက်ပိုင်းတော့ စိုက်ခင်းတွေက ပြိုင်တူထွက်လာတော့ ဈေးကောင်းကြာရှည် မရတာတွေရှိပါတယ်။ ကိုယ့်အခင်းကိုလိုက်ပေးနေကျ အလုပ်သမားတွေကပဲ လိုက်ပေးကြတော့ လုပ်သားရှားတဲ့ ပြဿနာတော့



မရှိပါဘူး။ အလုပ်သမားခကတော့ တစ်ရက်ကို မိန်းကလေးဆို ၈,၀၀၀/၊ ယောကျ်ားလေးဆို ၁၄,၀၀၀/ ပေးရပါတယ်။ ကုန်ဈေးနှုန်းတက်တဲ့အပေါ်မူတည်ပြီး အလုပ်သမားခတွေကိုလည်း မြှင့်ပေးရတာတွေရှိပါတယ်။

အသီးခူးပြီးရင် ကုန်သည်ပွဲစားတွေက ရွာတွေအထိဆင်းဝယ်တာ (၂) နှစ်ရှိပြီ။ ဟိုးအရင်နှစ်တွေက ခရမ်းချဉ်တွေက အသီးသိပ်မရဘူး။ သုံးလေးခါဆွတ်ပြီးရင် အသီးသိပ်မကျန်တော့ဘူး။ အခု ခရမ်းချဉ်က တစ်ခါခူးရင် ပိဿာချိန် (၂၀၀)၊ (၃၀၀) ကျော်အထိ ဆွတ်ရတယ်။ မျိုးစေ့နဲ့လည်းဆိုင်ပေမယ့် အပင်ပြင်ဆင်မှု၊ မြေဩဇာကျွေးနှုန်းတွေကြောင့်လည်း အကြိမ်ကြိမ် ရေရှည်ခူးလာရတာဖြစ်ပါတယ်။ အရင် သမားရိုးကျစိုက်တုန်းကထက်ပိုပြီး နည်းစနစ်ကျကျ စိုက်ပျိုးလာတော့ ပိုပြီးကောင်းမွန်လာပါတယ်။ ■



# မန်းဒေသခံကျောင်းသားများအတွက် ပြဋ္ဌာန်းသင်ရိုးကြိုတင်လေ့လာနိုင်ရန် "သုခမိန် နွေရာသီစာသင်ကျောင်း" အမည်ဖြင့် ပညာရေးအက်ပ်အသုံးပြုသင်ကြားရေး ရှေ့ပြေးစီမံချက်စတင်





မန်းရေနံမြေဒေသခံ အခြေခံပညာကျောင်းသားများအတွက် ပညာရေးဆိုင်ရာအခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေရန် တတိယတန်းနှင့် စတုတ္ထတန်းတို့အတွက် အခြေခံပညာပြဋ္ဌာန်းသင်ရိုးပါ သင်ခန်းစာများကို မြန်မာ့ပညာရေးဆိုင်ရာ မိုဘိုင်းသင်ကြားရေး အက်ပလီကေးရှင်းတစ်ခုဖြစ်သော သုခမိန်သင်ကြားရေးအက်ပ်ကို အသုံးပြုလေ့လာနိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် ရှေ့ပြေးစီမံချက်တစ်ခုကို ၂၀၂၄-၂၀၂၅ ပညာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပညာရေးအက်ပ်သည် ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာသင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများပါဝင်ပြီး လွယ်ကူခေတ်မီသည့် နည်းပညာသုံး သင်ကြားရေးစနစ်ကို မန်းရေနံမြေဒေသခံကျောင်းသားများအတွက် စတင်မိတ်ဆက်ခြင်းလည်းဖြစ်သည်။ ယင်းသို့စတင်နိုင်ရန် အဆိုပါ သုခမိန်ပညာရေးအက်ပလီကေးရှင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး အေးမြကျေးရွာ လူထုအခြေပြုဗဟိုဌာနတွင် ၂၀၂၅ ခုနှစ်၊ မတ်လမှစတင်၍ စမ်းသပ်သင်ကြားပို့ချမည်ဖြစ်ပြီး သင်ကြားရေးအထောက်အကူပြုနည်းပြ (Community Education Facilitator) ဖြင့် ပံ့ပိုးကူညီသွားမည်ဖြစ်သည်။ သုခမိန်ပညာရေးအက်ပလီကေးရှင်း ရှေးပြေးစီမံချက်နှင့်စပ်လျဉ်း၍ Senior CSR Officer ဦးစောအယ်စာဘလုထူးက "ဒီအက်ပ်ကို အသုံးပြုပြီး "သုခမိန်နွေရာသီစာသင်ကျောင်း" လို့ အမည်ပေးထားတဲ့ နွေရာသီကျောင်းပိတ်ရက် (၂) လတာသင်တန်းကို စတုတ္ထတန်းကျောင်းသားတွေကို ဦးတည်ပြီး အရင်ပို့ချသွားမှာပါ။ အက်ပ်မှာပါဝင်တဲ့ သင်ရိုးညွှန်းတမ်း ပါသင်ခန်းစာတွေကို ပရိုဂျက်တာနဲ့ ရှင်းလင်းပြသပြီး သင်ခန်းစာနဲ့ပတ်သက်တဲ့ လေ့ကျင့်ခန်းတွေ၊ အိမ်စာတွေကို အပြန်အလှန်လေ့ကျင့်နိုင်အောင် သင်ကြားရေးအထောက်အကူပြုနည်းပြတွေက ပံ့ပိုးပေးမှာပါ။ ၂၀၂၅ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့ကနေ မေလ (၂၀) ရက်နေ့လောက်အထိ နွေရာသီကျောင်းပိတ်ရက်မှာ လေ့ကျင့်သင်ကြားမှာပါ။ ဒီသင်ကြားရေးအက်ပ်က ပညာရေးအတွက် ခေတ်မီပြီး နည်းပညာအသုံးပြုသင်ယူရတာမို့ စိတ်ဝင်စားစရာကောင်းသလို နားလည်လွယ်စေမှာပါ။ အင်တာနက်မရှိလည်း အသုံးပြုနိုင်တာမို့ ဘယ်အချိန်မဆို သင်ကြားရေးအတွက် အထောက်အကူဖြစ်စေမှာပါ" ဟုရှင်းပြသည်။



သုခမိန်ပညာရေးအက်ပ်ကိုအသုံးပြု၍ အခြေခံပညာသင်ရိုးပါ ဘာသာရပ်အလိုက် သင်ခန်းစာများကို ကျောင်းသားတစ်ဦးချင်း ဗဟိုပြုသင်ကြားနည်းစနစ်ဖြင့် လွတ်လပ်စွာသင်ယူနိုင်မည်ဖြစ်သည်။ ထို့ပြင် ကျွမ်းကျင်ပညာရှင်များဦးဆောင်သည့် သင်ကြားနည်းစနစ်ဖြင့် မိုဘိုင်းဖုန်း (သို့မဟုတ်) ကွန်ပြူတာအသုံးပြု၍ သင်ကြားနိုင်ခြင်းကြောင့် အချိန်၊ နေရာမရွေး သင်ယူနိုင်ပြီး ကျောင်းပြင်ပစာအုပ်များအပေါ် မှီခိုရမှုကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။

MPRL E&P သည် ကုမ္ပဏီ၏ လူမှုတာဝန်သိ CSR လုပ်ငန်းများအနက် ပညာရေးတွင် နည်းပညာကို ပေါင်းစပ်သင်ယူခွင့်များ ဖန်တီးပေးခြင်းဖြင့် မန်းရေနံမြေဒေသခံကျောင်းသားကျောင်းသူများအတွက် ဒစ်ဂျစ်တယ်သင်ကြားရေးစနစ်ကို ပိုမိုထိတွေ့ခွင့်ရရှိပြီး အသိပညာနှင့် ကျွမ်းကျင်မှုများတိုးတက်စေရန် ပံ့ပိုးလျက်ရှိသည်။ ■





## အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် ပထမဦးဆုံးအကြိမ် ဖွင့်လှစ်ခဲ့သည့် ဆိုင်ကယ်ပြုပြင်သင်တန်းသို့ MPRL E&P ၏ ပညာသင်ဆုဖြင့် မန်းလူငယ်တစ်ဦး တက်ရောက်ပြီးစီး



စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန လက်အောက်ရှိ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၂) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်နေ့အထိ ဖွင့်လှစ်ခဲ့သည့် ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်း (ဆိုင်ကယ်ပြုပြင်သင်တန်းအမှတ်စဉ်-၁) သို့ MPRL E&P (CSR အစီအစဉ်) ၏ ပညာသင်ဆုဖြင့် လက်ပံတပင်ကျေးရွာနေ မောင်သီဟဖြိုး တက်ရောက်ခွင့်ရရှိခဲ့သည်။ အဆိုပါသင်တန်းသည် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် ပထမဆုံးအကြိမ်ဖွင့်လှစ်သည့် ကာလတိုသက်မွေးပညာသင်တန်းတစ်ခုဖြစ်ပြီး စာတွေ့ (၂၀) ရာခိုင်နှုန်းနှင့် လက်တွေ့ (၈၀) ရာခိုင်နှုန်း သင်ကြားပို့ချခဲ့သည့် သင်တန်းလည်းဖြစ်သည်။

MPRL E&P (CSR အစီအစဉ်) ဖြင့် ပညာသင်ဆုချီးမြှင့်မှုအစီအစဉ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွင်း သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာသင်ဆုရကျောင်းသား (၂၂) ဦးအနက် (၂၀) ဦး သင်တန်းပြီးဆုံးအောင်မြင်ခဲ့ပြီး အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)၊ ဆေးတက္ကသိုလ် (မကွေး) တို့ အပါအဝင် သက်ဆိုင်ရာဘာသာရပ်အလိုက်ပညာသင်ဆုများကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဆက်လက်ပံ့ပိုးသွားမည်ဖြစ်သည်။ ■




> "မည်မျှသေးငယ်သောပြုမူဆောင်ရွက်မှုမဆို ကြီးမားသည့် ပြောင်းလဲမှုကို အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ မိမိချွေတာလိုက်သည့် ရေ၊ စိုက်ပျိုးလိုက်သည့် သစ်ပင်များ၊ စနစ်တကျစွန့်ပစ်သည့် အမှိုက် အစရှိသည်တို့သည် မိမိတို့ ပတ်ဝန်းကျင်ရှိ အပင်၊ လူနှင့်တိရစ္ဆာန်များကို တစ်ဖက်တစ်လမ်းမှ ပြန်လည်ကူညီလျက်ရှိနေမည်ဖြစ်သည်။"

မိမိတို့ အသက်ရှင်နေထိုင်ရာ ဤကမ္ဘာမြေသည် မိမိတို့ နေထိုင်ရာအိမ်ပင်ဖြစ်ပြီး မိမိတို့အိမ်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သကဲ့သို့ ဤကမ္ဘာမြေကြီးကိုလည်း ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုသည်မှာ တနည်းအားဖြင့် မိမိတို့မှီခိုနေထိုင်ရာကမ္ဘာမြေကြီး အစဉ်ကျန်းမာလှပနေစေရန် ကြိုးပမ်းအားထုတ်ခြင်းလည်းမည်၏။

**ပတ်ဝန်းကျင်ဟူသည်**

အတိုဆုံးဖြေရလျှင် ပတ်ဝန်းကျင်ဟူသည် မိမိတို့ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့အရာအားလုံးပင် ဖြစ်ပါသည်။ မြေထု၊ ရေထု၊ လေထု၊ မြစ်ချောင်းအင်းအိုင်၊ အပင်၊ လူနှင့်တိရစ္ဆာန်၊ စေတီ ဘုရားကျောင်းကန် အစရှိသည်တို့ ပါဝင်လျက်ရှိသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးအရေးပါပုံ**

ပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့အရာအားလုံးသည် မိမိတို့၏ နေ့စဉ်လူမှုဘဝနှင့် အသက်ရှင်သန် ရပ်တည်ရေးအတွက် မရှိမဖြစ်လိုအပ်သောကြောင့်ပင်။ ဥပမာ မိမိတို့ကျန်းမာအသက်ရှည်ရန် သန့်ရှင်းသောလေကိုရှူရှိုက်နိုင်ရန် အရေးကြီး၏။ ရေသည်လည်း အလားတူပင်။ သန့်ရှင်းသောရေကိုသောက်သုံးမှ ကျန်းမာအသက်ရှည်မည်။ ရေကောင်းရေသန့်သည် ချက်ပြုတ် စားသောက်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် မရှိမဖြစ်လိုအပ်ခြင်း၊ အပင်များစိုက်ပျိုးခြင်းတို့အတွက်လည်း နေ့စဉ်လိုအပ်သည်။

**အပင်နှင့်တိရိစ္ဆာန်များ**

၎င်းတို့သည်လည်း လူတို့နေ့စဉ်လိုအပ်သော အစာအာဟာရ၊ အမိုးအကာ၊ ဆေးဝါး၊ ရေကောင်းရေသန့်၊ အောက်ဆီဂျင်၊ ရာသီဥတုသမမျှတမှုနှင့် အလှအပရေးရာများအတွက် လိုအပ်သည်။ မြေဆီလွှာသန့်ရှင်းကောင်းမွန်မှသာ မိမိတို့စားသုံးသည့် အပင်နှင့်သီးနှံများကြီးထွားပြီး အာဟာရပြည့်ဝသည့်အစားအစာများ ရရှိနိုင်မည်ဖြစ်ပါသည်။

မိမိတို့ပတ်ဝန်းကျင်ကို ပြန်လည်ဂရုစိုက်မှုမရှိလျှင် (သို့မဟုတ်) ထိန်းသိမ်းစောင့်ရှောက်မှုမရှိလျှင် ညစ်ညမ်းသော လေထု၊ ရေထု၊ မြေထုနှင့် နေ့စဉ်ထိတွေ့နေထိုင်ကြရပြီး လူအပါအဝင် သက်ရှိများအားလုံးတွင် ရောဂါထူပြောကာ ကျန်းမာရေးထိခိုက်လာပြီး အသက်တိုကြပေလိမ့်မည်။

## ကမ္ဘာမြေကို ကာကွယ်နိုင်မည့် လွယ်ကူရိုးရှင်းသော နည်းလမ်းများ

**(၁) R သုံးလုံးဖြစ်သည့် Reduce၊ Reuse၊ Recycle (လျှော့သုံး၊ ပြန်သုံး၊ ပြန်ထွင်သုံး) စနစ်ကျင့်သုံးခြင်း**

ဥပမာ ပလတ်စတစ်သုံးစွဲမှုတတ်နိုင်သမျှလျှော့ချခြင်း၊ ပလတ်စတစ်အိတ် (သို့) ရေသန့် ဘူးများကို ပြန်လည်အသုံးပြုခြင်း၊ စက္ကူ၊ သတ္တုဘူးခွံ၊ ပလတ်စတစ်တို့ကို လိုအပ်သလို ပြန်လည်ထုတ်လုပ်အသုံးချခြင်း (သို့မဟုတ်) အခြားပစ္စည်းအမယ်သစ်တစ်ခု ဖန်တီးထုတ်လုပ်ခြင်း၊

**(၂) ရေချွေတာသုံးစွဲခြင်း**

ဥပမာ သွားတိုက်နေစဉ် ရေဘုံဘိုင်ခေါင်းပိတ်ထားခြင်း၊ ကျောင်း (သို့မဟုတ်) နေအိမ်များရှိ မလုံသော ရေယိုစိမ့်နေသောပိုက်များ၊ ဘုံဘိုင်ခေါင်းများ အစရှိသည်တို့ကို စောင့်ကြည့်ခြင်းနှင့် ပြုပြင်လဲလှယ်ခြင်း၊

**(၃) စွမ်းအင်ချွေတာသုံးစွဲခြင်း**

ဥပမာ မလိုအပ်သောလျှပ်စစ်မီးများကိုပိတ်ထားခြင်း၊ စွမ်းအင်ချွေတာသောမီးလုံးနှင့် ပစ္စည်းများအသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာရောက်သကဲ့သို့ ငွေကြေးကုန်ကျမှုကိုပါ လျှော့ချနိုင်ခြင်း၊

**(၄) သစ်ပင်စိုက်ပျိုးခြင်း**

ဥပမာ သစ်ပင်များသည် လေကိုသန့်စင်စေပြီး မိုးရွာသွန်းမှုဖြစ်ပေါ်စေခြင်း၊ အောက်ဆီဂျင်ထုတ်လွှတ်ပေးခြင်း၊ အရိပ်အာဝါသပေးခြင်း၊ ဆေးဝါးနှင့် စားနပ်ရိက္ခာထောက်ပံ့ခြင်း၊ ဂေဟစနစ်နှင့် ရာသီဥတုကို သမမျှတစေခြင်း၊ ရေကြီးရေလျှံမှုနှင့် မြေအောက်ရေကို ပြန်လည် ဖြည့်ဆည်းပေးခြင်း၊ မြေဆီလွှာကို ကောင်းမွန်စေခြင်း၊ နေအိမ်တည်ဆောက်ရေးအတွက် အသုံးချနိုင်ခြင်း၊ စီးပွားရေးအတွက် ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ခြင်း၊ ဝင်ငွေရရှိနိုင်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးခြင်း အစရှိသည်တို့ကြောင့် နေအိမ်ခြံဝင်းနှင့် ပတ်ဝန်းကျင်တို့တွင် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ သစ်ပင်စိုက်ပျိုးခြင်းကို ပါဝင်ဆောင်ရွက်သင့်ပါသည်။

**(၅) အမှိုက်စနစ်တကျစွန့်ပစ်ခြင်း**

အမှိုက်ထွက်ရှိမှုနည်းသောပစ္စည်းများကိုသာ ဦးစားပေးသုံးစွဲခြင်း၊ အမှိုက်ကို သတ်မှတ်နေရာနှင့်ပုံးများအတွင်းသို့သာ စွန့်ပစ်ခြင်း၊ မိသားစု၊ သူငယ်ချင်းများကိုလည်း စနစ်တကျ စွန့်ပစ်ရန် တိုက်တွန်းအားပေးခြင်း၊ မီးဖိုချောင်ထွက်အမှိုက်များကို သဘာဝမြေဆွေး ပြန်လည်ပြုလုပ်ခြင်း၊ မိမိတွင်ပိုလျှံပစ္စည်းများကို အခြားသူများအား ပေးကမ်းခြင်း (သို့) ပြန်လည်ရောင်းချခြင်း၊

**(၆) လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း**

ကား၊ ဆိုင်ကယ်အစရှိသည်တို့ကို လိုအပ်မှသာ အသုံးပြုခြင်းနှင့် အနီးအနားရှိကျောင်း၊ ဈေး စသည်တို့ကို လမ်းလျှောက်သွားခြင်း၊ စက်ဘီးစီးခြင်းဖြင့် ကျန်းမာရေးကို ပိုမိုကောင်းမွန်စေသည့်အပြင် ကုန်ကျစရိတ်သက်သာကာ ကမ္ဘာမြေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာရောက်စေခြင်း၊

**(၇) တိရစ္ဆာန်များကို ကာကွယ်စောင့်ရှောက်ခြင်း**

ငှက်များ၊ အင်းဆက်ပိုးကောင်များနှင့် အခြားတိရစ္ဆာန်များကို အန္တရာယ်၊ အနှောင့်အယှက် မပြုခြင်း၊ မိမိပတ်ဝန်းကျင်တွင် ဒဏ်ရာအနာတရဖြစ်နေသည့် တိရစ္ဆာန်များကိုတွေ့ရှိလျှင် လူကြီးများကို အသိပေးအကြောင်းကြား၍ ကယ်တင်ပြုစုစောင့်ရှောက်ခြင်း၊

**အပြုအမူတိုင်းအရေးကြီးပုံ**

မည်မျှသေးငယ်သောပြုမူဆောင်ရွက်မှုမဆို ကြီးမားသည့် ပြောင်းလဲမှုကို အထောက်အပံ့ဖြစ်စေနိုင်ပါသည်။ မိမိချွေတာလိုက်သည့် ရေ၊ စိုက်ပျိုးလိုက်သည့် သစ်ပင်များ၊ စနစ်တကျ စွန့်ပစ်သည့်အမှိုက် အစရှိသည်တို့သည် မိမိတို့ ပတ်ဝန်းကျင်ရှိ အပင်၊ လူနှင့် တိရစ္ဆာန်များကို တစ်ဖက်တစ်လမ်းမှ ပြန်လည်ကူညီလျက်ရှိနေမည်ဖြစ်သည်။ ယင်းကဲ့သို့ ပူးပေါင်းပါဝင်ကူညီသည့် လူဦးရေနှင့် အပြုအမူကောင်းများ များပြားလာသည်နှင့်အမျှ ပိုပိုကြီးမားထင်ရှားကောင်းမွန်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများကို ရရှိခံစားလာရမည်ဖြစ်ပါသည်။ ■

# CSR လုပ်ငန်းများနှင့် ဘေးကင်းလုံခြုံရေးအစီအမံများကို မန်းရေနံမြေဒေသခံများအား ရှင်းလင်းတင်ပြ၊ ဒေသခံများ၏လိုအပ်ချက်များကို ကွင်းဆင်းလေ့လာ

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပထမခြောက်လပတ်အတွင်း မန်းရေနံမြေတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လူမှုတာဝန်သိ CSR လုပ်ငန်းများကို မန်းရေနံမြေဒေသခံများအား ရှင်းလင်းတင်ပြသည့် အစည်းအဝေးကို မင်းဘူးမြို့ရှိ မင်းမင်းဟိုတယ်တွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။




အဆိုပါအစည်းအဝေးနှင့်စပ်လျဉ်း၍ Senior CSR Officer ဦးစောအယ်စာဘလုထူးက "အရင်က ဒီလိုခြောက်လပတ်အစည်းအဝေးတွေကို ကျွန်တော်တို့ မန်းရေနံမြေထဲက ဓမ္မာရုံတွေမှာ ဒေသခံတွေကို ဖိတ်ကြားပြီး ကျင်းပလေ့ရှိပါတယ်။ အခုဘဏ္ဍာရေးနှစ်ရဲ့ ပထမခြောက်လပတ်အစည်းအဝေးကိုတော့ မင်းမင်းဟိုတယ် (မင်းဘူး) မှာကျင်းပဖို့ စီစဉ်ခဲ့ပြီး တက်ရောက်မယ့် ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်တွေနဲ့ စေတနာ့ဝန်ထမ်းတွေအတွက် အကြိုအပို့တွေပါ စီစဉ်ပံ့ပိုးပေးခဲ့ပါတယ်။ CSR အစီအစဉ်အနေနဲ့ ပြီးခဲ့သည့်ခြောက်လအတွင်းမှာ ဆောင်ရွက်ပြီးစီးခဲ့တဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး စတဲ့ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ပါတယ်။ နောက်ပြီး CSR အစီအစဉ်အနေနဲ့ ဖွင့်လှစ်ထားတဲ့ ရွေ့လျားဆေးပေးခန်းတွေမှာ လာရောက်ပြသနေတဲ့ ဆီးချိုဝေဒနာရှင်တွေထဲက ကိုယ်ထူကိုယ်ထ ဆေးဝယ်သောက်နိုင်မယ့် ဒေသခံတွေကိုလည်း သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ စေတနာ့ဝန်ထမ်းတွေနဲ့ တိုင်ပင်ရွေးချယ်တာတွေလည်း ဆွေးနွေးဖြစ်ခဲ့ပါတယ်။ နောက်ပြီး အမှိုက်သိမ်းစနစ် ရေရှည်လည်ပတ်နိုင်ဖို့ ရန်ပုံငွေမတည်ဖို့နဲ့ လာမယ့်နှစ်မှာ ဆိုလာစွမ်းအင်သုံး ရေအရင်းအမြစ်ပံ့ပိုးမှုတွေလုပ်နိုင်ဖို့ အားသာချက်၊ အားနည်းချက်ဆန်းစစ်တာတွေကိုလည်း မန်းကျိုးကျေးရွာအုပ်ချုပ်ရေးမှူးက ပြန်ပြီးတင်ပြဆွေးနွေးခဲ့ပါတယ်" ဟု အစည်းအဝေးနှင့်စပ်လျဉ်း၍ ရှင်းပြသည်။





အစည်းအဝေးတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပထမခြောက်လပတ်အတွင်း ဆောင်ရွက်ပြီးစီးသည့် CSR လုပ်ငန်းများနှင့် ဒုတိယခြောက်လပတ်အတွင်း ဆက်လက်ဆောင်ရွက်မည့် CSR လုပ်ငန်းများကို MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက ရှင်းလင်းတင်ပြခဲ့ပြီး ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများကို HSE Department ၏ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ဒေသခံများ၏ ပါဝင်ဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ကုမ္ပဏီ၏ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ အဆိုပါအစည်းအဝေးသို့ မန်းရေနံမြေထိစပ် ကျေးရွာများ၏ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် MPRL E&P ၏ CSR & Communications Department နှင့် HSE Department တို့မှ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း (၅၉) ဦး တက်ရောက်ခဲ့သည်။ ■

# မန်းရေနံမြေရှိ လူမှုတာဝန်သိ CSR လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (မကွေး) ၏ တာဝန်ရှိသူများအားရှင်းလင်းတင်ပြ၊ လုပ်ငန်းဆောင်ရွက်ရာနေရာများသို့ လေ့လာနိုင်ရန်စီစဉ်ပံ့ပိုး

MPRL E&P သည် မန်းရေနံမြေတွင် လူမှုတာဝန်သိ CSR လုပ်ငန်းများလုပ်ကိုင်ရာတွင် သက်ဆိုင်ရာ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ပုံမှန်ထိတွေ့ဆက်ဆံကာ ပူးပေါင်း



ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် MPRL E&P ကုမ္ပဏီအနေဖြင့် မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် CSR မဟာဗျူဟာနှင့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (မကွေး) (Environmental Conservation Department-ECD) တွင် အသစ်ခန့်အပ်သည့် လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများကို ရေနံမြေ CSR ဝန်ထမ်းများက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) ရုံး၌ သွားရောက်ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါအစည်းဝေးသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (မကွေး) မှ တာဝန်ရှိသူများ၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) အထွေထွေမန်နေဂျာနှင့် MPRL E&P ၏ မန်းရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် HSE နှင့် CSR လုပ်ငန်းအဖွဲ့ဝင်များအပါအဝင် စုစုပေါင်း (၁၇) ဦးတက်ရောက်ခဲ့သည်။

ထို့ပြင် MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးလျက်ရှိသည့် CSR လုပ်ငန်းဆောင်ရွက်ချက်များအနက် မန်းရေနံမြေဒေသခံများအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပံ့ပိုးလျက်ရှိသည့် ရွေ့လျားဆေးပေးခန်းများသို့ ECD မှ တာဝန်ရှိသူများ ကွင်းဆင်းလာရောက်လေ့လာနိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက စီစဉ်ပံ့ပိုးခဲ့ပြီး ၎င်းတို့သိရှိလိုသည်များကို CSR လုပ်ငန်းအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။ ■

မျက်နှာဖုံးမှ အဆက် ➤




ဖြေရှင်းနိုင်ခဲ့ပြီး အကြံပြုစာအတည်ပြုချိန်၊ ပြန်ကြားဆက်သွယ်ချိန်နှင့် အကြံပြုစာပိတ်သိမ်းချိန်တို့အတွက် အဓိကစွမ်းဆောင်ရည်ပြအညွှန်းကိန်းများ (Key Performance Indicators-KPI) နှင့်အညီ တိကျစွာဖြေရှင်းဆောင်ရွက်ခဲ့သည်။ သို့ဖြစ်၍ အကြံပြုစာအလိုက် ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်မှုကြောင့် လုပ်ငန်းစဉ်အပေါ် ဒေသခံများ၏ ယုံကြည်စိတ်ချရမှု ပိုမိုခိုင်မာခဲ့သည်။ အထူးသဖြင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ လုပ်ငန်းဖြေရှင်းဆောင်ရွက်ပုံအဆင့်ဆင့်နှင့် ဖြေရှင်းမှုရလဒ်တို့အပေါ် ဒေသခံများ၏စိတ်ကျေနပ်မှု (၁၀၀) ရာခိုင်နှုန်းရရှိခြင်းသည် လုပ်ငန်းစဉ်အသုံးပြုသည့်ဒေသခံများ၏ လုပ်ငန်းစဉ်နှင့် ကုမ္ပဏီ၏ဖြေရှင်းဆောင်ရွက်မှုအပေါ် ကျေနပ်ယုံကြည်မှုကို သက်သေပြလျက်ရှိသည်။

## ယုံကြည်မှုနှင့်တာဝန်ခံမှုဆိုင်ရာစံနှုန်းတစ်ခု

MPRL E&P သည် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ပူးပေါင်း၍ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများအားလုံးပါဝင်သည့် ချဉ်းကပ်ဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာ၌ ကနဦးတွင် ကုမ္ပဏီနှင့် မန်းရေနံမြေဒေသခံများ ပူးတွဲစီမံခန့်ခွဲခြင်းဖြစ်ပြီး တစ်ဦးချင်းပါဝင်နိုင်မှု၊ နှစ်ဦးနှစ်ဖက်ယုံကြည်မှုနှင့် တာဝန်ခံမှုတို့အပေါ် အခြေခံသည့်ပုံစံဖြင့် ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်များအတွင်း OGM လုပ်ငန်းစဉ်ကို မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာတွင် ကနဦးအဆင့် မိတ်ဆက်ခဲ့ပြီး (၁၀၀) ရာခိုင်နှုန်း လုပ်ငန်းစဉ်လည်ပတ်နိုင်သည့်အဆင့်ရောက်အောင် စီမံခန့်ခွဲဆောင်ရွက်ခဲ့သည်။ OGM လုပ်ငန်းစဉ် စတင်လည်ပတ်ပြီးနောက်ပိုင်းတွင် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ဆက်စပ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲမှု (Environmental, Social, and Governance-ESG) ရည်မှန်းချက်များကို တိုးတက်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့သည်။

ထို့ပြင် MPRL E&P ၏ OGM လုပ်ငန်းစဉ်သည် လူ့အခွင့်အရေးများကိုကာကွယ်ရန်၊ ယုံကြည်မှုမြှင့်တင်ရန်နှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ရေရှည်တည်တံ့သော ဆက်ဆံရေးများထူထောင်ရန်ရည်ရွယ်သည့် လက်လှမ်းမီမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ တာဝန်ခံမှုနှင့် ဘေးအန္တရာယ်မှ ကာကွယ်မှုကဲ့သို့ အဓိကမူဝါဒများဖြင့် လည်ပတ်လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ အဆိုပါမူဝါဒများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် OGM လုပ်ငန်းစဉ်သည် ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဒေသခံများအကြား ကြားခံချိတ်ဆက်ပေးသည့် အရေးကြီးလုပ်ငန်းစဉ်တစ်ခုဖြစ်ခဲ့သည်။

## အောင်မြင်မှု မှတ်တိုင်များ

MPRL E&P သည် လုပ်ငန်းစဉ်လည်ပတ်ခဲ့သည့် ဆယ်စုနှစ်ကာလအတွင်း ပွင့်လင်းမြင်သာစွာဖြင့် ထိရောက်သည့် နစ်နာမှုဖြေရှင်းရေးလုပ်ငန်းကဏ္ဍတွင် အရေးပါသည့် အောင်မြင်မှုများအဖြစ်-

- ကျေးရွာ (၃) ရွာတွင် OGM လုပ်ငန်းစဉ်ကို ကနဦးစမ်းသပ်လည်ပတ်ခဲ့ပြီး မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊
- လုပ်ငန်းစဉ်၏ ထိရောက်မှုကိုလေ့လာဆန်းစစ်နိုင်ရန် အဓိကစွမ်းဆောင်ရည်ပြအညွှန်းကိန်းများ (Key Performance Indicators - KPI) သတ်မှတ်ခြင်း၊
- လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့်ထိတွေ့ဆက်ဆံနိုင်ရန်နှင့် OGM လုပ်ငန်းစဉ် ကောင်းမွန်စွာလည်ပတ်နိုင်ရန် ကျေးရွာစေတနာ့ဝန်ထမ်းများကို သင်တန်းများပို့ပိုး၍ လေ့ကျင့်သင်ကြားခြင်း၊
- အကြံပြုဆွေးနွေးခြင်းကဏ္ဍမြှင့်တင်ရေးလှုပ်ရှားမှုများနှစ်စဉ်ပြုလုပ်ခြင်းနှင့် KPI စစ်တမ်းများဖြင့် လုပ်ငန်းစဉ်၏သက်ရောက်မှုကို တိုင်းတာခြင်း၊
- ကုမ္ပဏီ၏ဝက်ဆိုဒ်တွင်ဖတ်ရှုနိုင်ရန် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ သုံးလပတ်အစီရင်ခံစာများ ရေးသားထုတ်ဝေခြင်း၊
- အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာမှတ်တမ်းဗီဒီယို (OGM Documentary) ထုတ်လုပ်ဖြန့်ချိခြင်းနှင့် နိုင်ငံပိုင်မီဒီယာများမှတဆင့် ထုတ်လွှင့်တင်ဆက်ခြင်း၊
- OGM Animation ကာတွန်းဗီဒီယိုနှင့် OGM ကာတွန်းပြခန်းဖြင့်ပြသနိုင်ရန် စီစဉ်ထုတ်လုပ်ခြင်း၊



- CSR လုပ်ငန်းများပြပွဲ (CSR Open Day) နှင့် ဗဟုသုတ၊ သဘောထားနှင့် အလေ့အကျင့် (Knowledge, Attitude and Practice-KAP) စစ်တမ်းများ ကောက်ယူခြင်း၊
- ကပ်ရောဂါနှင့် ပတ်ဝန်းကျင်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသောစိန်ခေါ်မှုများနှင့် လိုက်လျောညီထွေဖြစ်စေရန် လုပ်ငန်းစဉ်ကို ပြုပြင်ပြောင်းလဲပြင်ဆင်ခြင်းတို့ ဆောင်ရွက်နိုင်ခဲ့သည်။

## ကဏ္ဍစုံလင် ဆယ်နှစ်ပြည့်အစီအစဉ်

ထို့ပြင် OGM လုပ်ငန်းစဉ်နှင့် လုပ်ငန်းစဉ်အကောင်အထည်ဖော်ဆောင်ရွက်မှုကို ပိုမိုသိရှိနားလည်နိုင်ရန် OGM ကာတွန်းစာအုပ် (OGM Comic Book) အဖြစ် CSR & Communications လုပ်ငန်းအဖွဲ့ဝင်များက ဓာတ်လမ်းဖန်တီးရေးသားထုတ်ဝေခဲ့ပြီး ဆယ်နှစ်ပြည့်အစီရင်ခံစာနှင့်အတူ ကုမ္ပဏီ၏ ဝက်ဆိုဒ်တွင် လေ့လာဖတ်ရှုနိုင်ရန်တင်ပြထားပြီးဖြစ်သည်။




## ညီညွတ်မှု၊ ပျော်ရွှင်မှုများနှင့်မိသားစုညီ၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆယ်နှစ်ပြည့်အမှတ်တရ

ထို့အတူ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆယ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် "ညီညွတ်မှု၊ ပျော်ရွှင်မှုများနှင့် မိသားစုညီ၊ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆယ်နှစ်ပြည့် အမှတ်တရ" အစီအစဉ်ကို မန်းရေနံမြေ၊ အေးမြကျေးရွာတွင်



၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၂၅) ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆယ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဒေသခံများအကြား ဝမ်းမြောက်ဂုဏ်ယူစိတ်ကိုအားပေးမြှင့်တင်နိုင်သည့် တိုးတက်မှုအဖြစ် ဂုဏ်ပြုကျင်းပခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ အောင်ပွဲအခမ်းအနား သီးသန့်ကျင်းပခြင်းမျိုးမဟုတ်ဘဲ အနာဂတ်အောင်မြင်မှုများအတွက် ပူးတွဲတာဝန်ရှိမှုတွင် ဒေသခံများပါဝင်စေသည့် နည်းလမ်းတစ်ခုဖြစ်စေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ရေရှည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရေရှည်တည်တံ့သော အလေ့အကျင့်ကောင်းများနှင့် ထိန်းသိမ်းနည်းများကို လူငယ်များအကြား အသိပညာမြှင့်တင်နိုင်ရန် အလေးထားဆောင်ရွက်ခြင်းလည်းဖြစ်သည်။

ထို့ပြင် အစီအစဉ်အောင်မြင်ရေးအတွက် MPRL E&P ကုမ္ပဏီ၏ မန်းရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ဝင်များ၊ CSR လုပ်ငန်းအဖွဲ့ဝင်များ၊ ဒေသခံ စေတနာ့ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ ရင်းနှီးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အဆိုပါအစီအစဉ်သို့ မန်းရေနံမြေထိစပ်ကျေးရွာများမှ ဒေသခံကလေး (၄၁၅) ဦးအပါအဝင် ဒေသခံစုစုပေါင်း (၇၂၃) ဦးတက်ရောက်ခဲ့သည့်အတွက် ဒေသခံများ၏ အားကောင်းသည့် ပူးပေါင်းပါဝင်ပံ့ပိုးမှုကို ထင်ဟပ်ပြသနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

အခမ်းအနားအစီအစဉ်ကို ဒေသခံများနှင့်ရင်းနှီးချစ်ခင်မှုနှင့်ပျော်ရွှင်ကျေနပ်မှုပိုမိုရရှိစေရန် အစီအစဉ် (၅) ခုဖြင့် စိတ်ကူးပုံဖော်ကျင်းပခဲ့သည်။ အစီအစဉ်များအရ-

- **အကျွေးအမွေးအစီအစဉ်-** အသက် (၁၄) နှစ်အောက်လူငယ်များအတွက် ကြက်ဥ ကြာဇံကြော်၊ ကိုရီးယားတုတ်ထိုးနှင့်အကင်စုံ၊ ပြောင်းဖူးပေါက်ပေါက်နှင့် သီးစုံရေခဲချောင်း၊ ဖျော်ရည်ဘူဖေးစသည့် စားသောက်ဖွယ်ရာများကို စားသောက်ပြခန်းများဖြင့် ကြိုတင်ပြင်ဆင်ကာ အဆာပြေမုန့်စားလက်မှတ်ကူပွန် ထုတ်ယူ၍ စားသုံးနိုင်ရန် စီစဉ်ထားရှိခြင်း၊
- **အပြန်အလှန်ပူးပေါင်းလှုပ်ရှားမှုအစီအစဉ်-** မျက်နှာဆေးရောင်ခြယ်ခြင်း၊ OGM ကာတွန်း စာအုပ်ဖတ်ရှုနိုင်ရန်နှင့် OGM ပုံပြဆေးရောင်ခြယ်စာအုပ်တွင် ဆေးရောင်ရေးခြယ်နိုင်ရန် ရောင်စုံခဲတံများနှင့် စားပွဲဝိုင်း (၃၀) ခင်းကျင်း ပြင်ဆင်ထားရှိပေးခြင်း၊
- **ကံစမ်းမဲနှင့်ကစားပွဲအစီအစဉ်-** အမေးအဖြေကဏ္ဍနှင့်အဖြေမှန်သူများအတွက် ဗလာမပါ ကံစမ်းမဲအစီအစဉ် စီစဉ်တင်ဆက်ခြင်း၊








- **အသိပညာမျှဝေသည့်အစီအစဉ်-** မန်းရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၏ "ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ခြင်းနှင့် ရေနံအင်ဂျင်နီယာတစ်ဦး၏ တစ်နေ့တာ" အကြောင်း အသိပညာမျှဝေခြင်းနှင့် အမေးအဖြေကဏ္ဍ၊ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး (Health, Safety and Environment-HSE) ဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များ၏ "ကမ္ဘာမြေကိုကာကွယ်မည့် သူရဲကောင်းများအတွက်" ခေါင်းစဉ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာမျှဝေခြင်းနှင့် အမေးအဖြေကဏ္ဍ၊
- **ဖျော်ဖြေရေးအစီအစဉ်-** အေးမြကျေးရွာဒေသခံများ၏ ညှို့ခံဆင်အကဖြင့် ကပြဖျော်ဖြေခြင်း၊ mango-STEEMS အွန်လိုင်းအင်္ဂလိပ်စာသင်တန်းတက်ရောက်လျက်ရှိသည့် မန်းရေနံမြေဒေသခံကလေးများ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် ဆယ်နှစ်ပြည့် အထိမ်းအမှတ် ဂုဏ်ပြုပြဇာတ်သရုပ်ဖော်တင်ဆက်ခြင်း၊ မန်းရေနံမြေဒေသခံများနှင့် Animation ကာတွန်းရုပ်ရှင်အတူတကွကြည့်ရှုသည့် အစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ ကျင်းပပြုလုပ်ခဲ့သည်။



## ဆယ်နှစ်ပြည့်မှသည် ရှေ့ဆက်ချီဖို့

MPRL E&P သည် OGM လုပ်ငန်းစဉ်ဖြင့် ဆယ်စုနှစ်ကာလအတွင်း တည်ဆောက်ခဲ့သည့် ယုံကြည်မှုနှင့်တာဝန်ခံမှုအပေါ် ပြန်လည်သုံးသပ်ကာ ကုမ္ပဏီအနေဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအဖြစ် ဆက်လက်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ပွင့်လင်းမြင်သာမှု မြှင့်တင်ခြင်း၊ ဒေသခံများ၏ စိုးရိမ်ပူပန်မှုများကိုဖြေရှင်းခြင်း၊ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ပိုမိုထိတွေ့ဆက်ဆံကာ တစ်ဦးချင်းပါဝင်နိုင်မှု၊ တာဝန်ယူမှုရှိသည့် စီးပွားရေးအလေ့အကျင့်ကောင်းများနှင့် လိုက်လျောညီထွေဖြစ်စွာ လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ကုမ္ပဏီအနေဖြင့် အဓိပ္ပာယ်ပြည့်ဝသည့် ရလဒ်ကောင်းများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ (Sustainable Development Goals-SDGs) နှင့် ကိုက်ညီဆီလျော်မှုရှိရန် အရေးကြီးသည်ကို သိရှိနားလည်သည့်အလျောက် ကမ္ဘာ့စိန်ခေါ်မှုများကို ကြိုတင်ဖြေရှင်းရာတွင် တာဝန်ယူမှုရှိသည့် တီထွင်ဆန်းသစ်မှုများနှင့် ပွင့်လင်းမြင်သာမှုရှိသည့် တိုးတက်မှုဆန်းစစ်ချက်များဖြင့် ဒေသခံများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ရေရှည်အကျိုးဖြစ်ထွန်းစေရန် ကတိပြုဆောင်ရွက်လျက်ရှိသည်။ နိဂုံးချုပ်အနေဖြင့် MPRL E&P ကုမ္ပဏီသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်အတွက် မန်းရေနံမြေဒေသခံများအပါအဝင် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့်ပူးပေါင်း၍ အားထားယုံကြည်မှု၊ တာဝန်ခံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အတူတကွအကျိုးခံစားရစေခြင်းဖြင့် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ■



# MPRL E&P (CSR အစီအစဉ်) ၏ MOGE ဝန်ထမ်းဗဟိုပြု CSR လုပ်ငန်းပံ့ပိုးမှုအဖြစ် ကျပ်သိန်းတစ်ထောင် ပံ့ပိုးလှူဒါန်းခဲ့

## MOGE စာကြည့်တိုက်နှင့်သက်မွေးပညာသင်တန်းများသို့ တာဝန်ရှိသူများလာရောက်လေ့လာ



MPRL E&P (CSR အစီအစဉ်) ၏ MOGE ဝန်ထမ်းဗဟိုပြု CSR လုပ်ငန်းပံ့ပိုးမှုအစီအစဉ်ဖြင့် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပံ့ပိုးခဲ့ပြီးဖြစ်သည့် မန်းရေနံမြေရှိ စာကြည့်တိုက်နှင့် သက်မွေးပညာသင်တန်းများအတွက် ပံ့ပိုးမှုများအရ စာကြည့်တိုက်အတွက် လိုအပ်သည့် စာအုပ်၊ စာစောင်နှင့် ပရိဘောဂများဖြည့်တင်းခြင်း၊ သက်မွေးပညာသင်တန်းများ သင်ကြားပို့ချလျက်ရှိသည့် အခြေအနေများကို မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးခွန်မျိုးသန့်နှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း အဆိုပါ စာကြည့်တိုက်နှင့် သင်တန်းဌာနတို့သို့ လာရောက်လေ့လာကြည့်ရှုခဲ့သည်။

အဆိုပါအစီအစဉ်အရ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) ဆေးခန်းတွင် ဆေးခန်းသုံးပစ္စည်းများဝယ်ယူနိုင်ရန် ကျပ် ၉၅၀,၀၀၀/ (ကျပ်ကိုးသိန်းငါးသောင်း) ကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ထပ်မံပံ့ပိုးခဲ့သည်။ သို့ဖြစ်၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းရှိ ဝန်ထမ်းများအတွက် MPRL E&P (CSR အစီအစဉ်) ၏ MOGE ဝန်ထမ်းဗဟိုပြု CSR လုပ်ငန်းပံ့ပိုးမှုအဖြစ် မန်းရေနံမြေအထွေထွေမန်နေဂျာ ဦးခွန်မျိုးသန့်ထံသို့ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကာလအလိုက် အကြိမ်ရေခွဲ၍ စုစုပေါင်း ကျပ် ၁၀၀,၀၀၀,၀၀၀/ (ကျပ်သိန်းတစ်ထောင်) ကို လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။ ■



| MPRL E&P ၏ "MOGE ဝန်ထမ်းအခြေပြု CSR လုပ်ငန်းပံ့ပိုးမှု" အစီအစဉ်အရ လှူဒါန်းမှုများ | | |
|---|---|---|
| စဉ် | အကြောင်းအရာ | ပံ့ပိုးငွေ (ကျပ်) |
| ၁။ | မန်းရေနံမြေဓမ္မာရုံတွင် ပဌာန်းအလှူလှူဒါန်းခြင်း | ၅၅၀,၀၀၀ |
| ၂။ | ဝါဆိုသင်္ကန်းဆပ်ကပ်လှူဒါန်းရန်နှင့် မန်းရေနံမြေ ဓမ္မာရုံတွင် ဥပုသ်နေ့ ဥပုသ်သီလဆောက်တည်သူများအတွက် နေ့လည်စာလှူဒါန်းခြင်း | ၁,၇၅၀,၀၀၀ |
| ၃။ | MOGE (မန်းရေနံမြေ) ရှိ ဝန်ထမ်းများ အတွက်ပထမအကြိမ် ဆန်နှင့်ဆီ ပံ့ပိုးလှူဒါန်းခြင်း | ၃၀,၀၀၀,၀၀၀ |
| ၄။ | အိမ်ရာကျောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ပံ့ပိုးခြင်း | ၅,၀၀၀,၀၀၀ |
| ၅။ | အိမ်ရာကျောင်းရှိကျောင်းသားများအတွက် စာအုပ်နှင့်စာရေးကိရိယာများ ပံ့ပိုးခြင်း | ၃,၀၀၀,၀၀၀ |
| ၆။ | MOGE (မန်းရေနံမြေ) ကထိန်အတွက်လှူဒါန်းခြင်း | ၁,၀၀၀,၀၀၀ |
| ၇။ | MOGE (မန်းရေနံမြေ) ရှိ ဝန်ထမ်းများ အတွက် ဒုတိယအကြိမ် ဆန်နှင့်ဆီ ပံ့ပိုးလှူဒါန်းခြင်း | ၃၅,၀၀၀,၀၀၀ |
| ၈။ | MOGE (မန်းရေနံမြေ) ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများပံ့ပိုးခြင်း | ၁၀,၀၀၀,၀၀၀ |
| ၉။ | MOGE (မန်းရေနံမြေ) ဝန်ထမ်းများ၏သားသမီးများအတွက် လိုအပ်ချက်ပေါ်မူတည်၍ ပညာသင်ဆုပံ့ပိုးခြင်း | ၁၀,၀၀၀,၀၀၀ |
| ၁၀။ | စာကြည့်တိုက်အဆင့်မြှင့်တင်ခြင်း (စာအုပ်စာစောင်များနှင့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများပံ့ပိုးခြင်း) | ၂,၇၅၀,၀၀၀ |
| ၁၁။ | မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (မန်းရေနံမြေ) ဆေးခန်းအတွက် ဆေးခန်းသုံးပစ္စည်းများဝယ်ယူနိုင်ရန်ပံ့ပိုးခြင်း | ၉၅၀,၀၀၀ |
| | **လှူဒါန်းမှုစုစုပေါင်း (၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၇) ရက်နေ့အထိ)** | **၁၀၀,၀၀၀,၀၀၀** |

# မန်းရေနံမြေဘုန်းတော်ကြီးကျောင်းများသို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ CSR အစီအစဉ်ဖြင့် ဆပ်ကပ်လှူဒါန်း





မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလတွင် မန်းရေနံမြေထိစပ်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်း (၂၇) ကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား MPRL E&P (CSR အစီအစဉ်) ဖြင့် ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို မန်းရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များက ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါလှူဒါန်းမှုတွင် စုစုပေါင်း ကျပ် ၁၀,၀၀၀,၀၀၀/ (ကျပ်သိန်းတစ်ရာ) တန်ဖိုးရှိ ကထိန်လျာသင်္ကန်း၊ နဝကမ္မ၊ ဆွမ်းဆန်၊ ဆီနှင့် အခြားပစ္စည်းများအပါအဝင် လှူဖွယ်ပစ္စည်းများကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

မန်းရေနံမြေဒေသရှိ ထိစပ်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးလျက်ရှိသည့် ဆရာတော်၊ သံဃာတော်များအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို နှစ်စဉ်ဆက်ကပ်လှူဒါန်းလျက်ရှိသည်။ ■



# ကိုယ့်အားကိုယ်ကိုးအမှိုက်သိမ်းစနစ်ပုံမှန်လည်ပတ်၊ Trash Hero Minbu ၏ အမှိုက်ကောက်လှုပ်ရှားမှုများဆက်လက်ဆောင်ရွက်

MPRL E&P (CSR အစီအစဉ်) ၏ ကြီးကြပ်ပံ့ပိုးမှုဖြင့် မန်းရေနံမြေထိစပ်ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု စနစ်ထူထောင်၍ အမှိုက်သိမ်းယာဉ်ဖြင့် အမှိုက်သိမ်းဆည်းရေးလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်း ပုံမှန်လည်ပတ်လုပ်ကိုင်လျက်ရှိသည်။ ထို့ပြင် မန်းရေနံမြေထိစပ်ကျေးရွာများတွင် Trash Hero Minbu ၏ အမှိုက်ကောက်လှုပ်ရှားမှုများအဖြစ် ကျေးရွာဒေသခံလူငယ် (၂၁၃) ဦးပါဝင်သည့်အဖွဲ့များက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် အမှိုက်ကောက်လှုပ်ရှားမှု အကြိမ်ရေ (၅) ကြိမ်ပြုလုပ်ခဲ့ပြီး စုစုပေါင်းအမှိုက် (၂၉၅) ကီလိုကို ကောက်ယူသိမ်းဆည်းနိုင်ခဲ့သည်။ ■





**မန်းရေနံမြေထိစပ်ကျေးရွာများတွင် လအလိုက် အမှိုက်ကောက်လှုပ်ရှားမှုအခြေအနေ**

| | အမှိုက်ကောက် အကြိမ်ရေ | အမှိုက် ကောက်သူဦးရေ | အမှိုက် အိတ်ပေါင်း | အမှိုက် ကီလိုပေါင်း |
|---|---|---|---|---|
| ဇန်နဝါရီလ | ၃ | ၁၂၇ | ၄၁ | ၂၀၅ |
| ဖေဖော်ဝါရီလ | ၂ | ၈၆ | ၁၈ | ၉၀ |
| **စုစုပေါင်း** | **၅** | **၂၁၃** | **၅၉** | **၂၉၅** |







# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) ၏ ဝက်မွေးမြူရေး သုတေသနစီမံချက်အတွက် MPRL E&P (CSR အစီအစဉ်) ဖြင့်ပံ့ပိုး

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဝက်မွေးမြူရေး သုတေသနစီမံချက်အတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တတိယ သုံးလပတ်အတွင်း ပံ့ပိုးခဲ့သည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) တွင် စီမံချက်အခြေပြုသင်ယူမှုအဖြစ် ဝက်ကြီးထွားမှုအပေါ် ကြီးထွားဆေးများ၏သက်ရောက်မှုကိုလေ့လာမည့်စီမံချက်နှင့် အလားတူ သုတေသနစီမံချက်များ ဆက်လက်လည်ပတ်ဆောင်ရွက်နိုင်ရန် MPRL E&P (CSR အစီအစဉ်) ဖြင့် ရန်ပုံငွေ ကျပ် ၄,၂၀၀,၀၀၀/ (ကျပ်လေးဆယ့်နှစ်သိန်း) ကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် အဆိုပါကျောင်းတာဝန်ရှိသူများထံ CSR လုပ်ငန်းအဖွဲ့ဝင်များက လွှဲပြောင်းပေးအပ်ပံ့ပိုးခဲ့သည်။ ■












# MPRL E&P ကုမ္ပဏီ၏ ပညာသင်ဆုပံ့ပိုးမှုဖြင့် စိုက်ပျိုးရေးဒီပလိုမာဘွဲ့ရ မန်းဒေသခံ ကျောင်းဆင်းမောင်မယ်များနှင့် တွေ့ဆုံခြင်း

မန်းရေနံမြေဒေသခံလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရေးနှင့် တနိုင်တပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ MPRL E&P ကုမ္ပဏီ၏ CSR အစီအစဉ်သည် ဒေသခံလူငယ်များအား ပညာသင်ဆုထောက်ပံ့သည့်အစီအစဉ်ကို ၂၀၁၉ ခုနှစ်တွင် စတင်ခဲ့သည်။ အဆိုပါ အစီအစဉ်အရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် MPRL E&P ကုမ္ပဏီ၏ ပညာသင်ဆုပံ့ပိုးမှုဖြင့် မန်းရေနံမြေဒေသမှ ကျောင်းသား (၄) ဦးနှင့် ကျောင်းသူ (၃) ဦးတို့သည် စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) တွင် စိုက်ပျိုးမွေးမြူရေးပညာရပ်များကို သုံးနှစ်တာ လေ့လာသင်ယူခွင့်ရရှိခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် စိုက်ပျိုးရေးဒီပလိုမာအောင်လက်မှတ်များ ရရှိခဲ့ကြသည်။ MPRL E&P ကုမ္ပဏီ၏ ပညာသင်ဆုပံ့ပိုးခဲ့သည့် မန်းရေနံမြေဒေသခံလူငယ် (၇) ဦး၏ ကျောင်းသားဘဝ အတွေ့အကြုံများ၊ ဒီပလိုမာအောင်လက်မှတ် ရရှိပြီးနောက် အနာဂတ်အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို တို့မန်းမြေသတင်းစာသို့ ယခုကဲ့သို့ မျှဝေခဲ့ကြသည်။



မဝေဝေလင်း

MPRL E&P ရဲ့ ပညာသင်ဆုရရှိသူ (၇) ဦးထဲမှာ ကျွန်မနဲ့ ကျွန်မသူငယ်ချင်း ချစ်နှင်းဖြူက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဝင်ခွင့်အတွက် လိုအပ်တဲ့အမှတ်တွေ ရရှိခဲ့တာကြောင့် လာမယ့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလမှာ ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမှာဖြစ်ပါတယ်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်က စိုက်ပျိုးရေးဒီပလိုမာအောင်လက်မှတ်ရရှိထားတဲ့ ထူးချွန်ကျောင်းသား၊ ကျောင်းသူတွေကို တတိယနှစ်သင်တန်းမှာ ပေါင်းကူးတက်ရောက်ခွင့်ပြုထားတာဖြစ်ပါတယ်။ လက်ရှိမှာ ဝင်ခွင့်စာမေးပွဲအတွက် မေးခွန်းဟောင်းတွေ ပြန်လေ့လာနေပြီး မသိတဲ့စာတွေရှိရင်လည်း ဆရာ၊ ဆရာမတွေကို မေးပါတယ်။ စိုက်ပျိုးရေးတက္ကသိုလ်တက်ခွင့်ရခဲ့ရင် ပိုးမွှားဗေဒနဲ့ အပင်ရောဂါဗေဒအကြောင်းကို သေသေချာချာ လေ့လာချင်ပါတယ်။ ကျွန်မရဲ့ပညာရေးခရီးတစ်လျှောက်လုံး ထောက်ပံ့ပေးခဲ့တဲ့ MPRL E&P ကုမ္ပဏီနဲ့ ကျွန်မကို တန်ဖိုးမဖြတ်နိုင်တဲ့ ပညာတွေ သင်ပေးခဲ့တဲ့ ပွင့်ဖြူကျောင်းက ဆရာ၊ ဆရာမတွေကို ကျေးဇူးအထူးတင်ရှိပါတယ်။



မချစ်နှင်းဖြူ

MPRL E&P ရဲ့ ပညာသင်ဆုထောက်ပံ့မှုနဲ့ ကျွန်မတို့တွေ စိုက်ပျိုးရေးဒီပလိုမာဘွဲ့ကိုရရှိခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်မရဲ့ နောက်ပန်းတိုင်တစ်ခုကတော့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်ဖို့ပါပဲ။ စာမေးပွဲအောင်ခဲ့ရင် ဒီနှစ် နိုဝင်ဘာလမှာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ရဲ့ တတိယနှစ်အတန်းကို တက်ရမှာဖြစ်ပြီး တက္ကသိုလ် (၃) နှစ်တက်ပြီးရင် စိုက်ပျိုးရေးသိပ္ပံဘွဲ့ရမှာပါ။ MPRL E&P ကုမ္ပဏီ (CSR အစီအစဉ်) ရဲ့ ပညာသင်ဆုပံ့ပိုးမှုနဲ့ ကျောင်းတက်ကြမယ့် မန်းရေနံမြေက ဂျူနီယာတွေအနေနဲ့လည်း ပညာကို ကြိုးစားသင်ယူကြပါ။ ရလာတဲ့ ပညာသင်ဆုကိုလည်း တန်ဖိုးထားကြပါလို့ တိုက်တွန်းချင်ပါတယ်။ ပညာသင်ဆုက ကိုယ့်ဘဝကို ပိုပြီးတောက်ပစေမယ့် ပံ့ပိုးမှုတစ်ခုလို့ ယုံကြည်ပါတယ်။



မသီတာအေး

ကျောင်းပြီးခဲ့ပြီမို့ ဦးစွာပထမအနေနဲ့ MPRL E&P ကုမ္ပဏီနဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ပွင့်ဖြူ) ကျောင်းကို ကျေးဇူးတင်ရှိကြောင်းပြောလိုပါတယ်။ ပြီးခဲ့တဲ့ သုံးနှစ်တာကာလအတွင်းမှာ ကျွန်မအနေနဲ့ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတတွေအပြင် လူမှုဆက်ဆံရေးစွမ်းရည်ပိုင်းလည်း အရင်ကထက်ပိုပြီးတိုးတက်ခဲ့ပါတယ်။ ကျောင်းကနေ စာတွေ့၊ လက်တွေ့ နှစ်မျိုးစလုံးမှာ အသိ

ပညာရခဲ့တာဖြစ်လို့ ဒေသခံတောင်သူတွေကို စိုက်ပျိုးရေး အသိပညာတွေ ပြန်လည်မျှဝေဖို့အတွက်လည်း ယုံကြည်ချက်ရှိလာပါတယ်။ အခုရတာက စိုက်ပျိုးရေးဒီပလိုမာ အောင်လက်မှတ်ဖြစ်လို့ နောက်ထပ်တက္ကသိုလ်ဆက်တက်ပြီး စိုက်ပျိုးရေးကုမ္ပဏီတစ်ခုခုမှာ အလုပ်ဝင်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။



မောင်ဇေယျာဖြိုး

ဒီကျောင်းမှာ လက်တွေ့ကွင်းဆင်းစိုက်ပျိုးရတာပါတဲ့အတွက် သီးနှံမျိုးစုံစိုက်ပျိုးဖူးတဲ့ အတွေ့အကြုံကောင်းတွေ ရခဲ့ပါတယ်။ MPRL E&P ကုမ္ပဏီရဲ့ ပညာသင်ဆုအစီအစဉ်နဲ့ ကျောင်းတက်ကြမယ့် မန်းရေနံမြေက လူငယ်တွေထဲကမှ ယောကျ်ားလေးတွေအနေနဲ့ ကျွန်တော်တို့ အခုတက်ခဲ့တဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းကို ရွေးချယ်တက်ရောက်ဖို့ ကျွန်တော့်ရဲ့ ကျောင်းသားဘဝ အတွေ့အကြုံတွေပေါ်မူတည်ပြီး အကြံပြုချင်ပါတယ်။ ဒီကျောင်းဆင်းဖြစ်ရင် အလုပ်အကိုင်အခွင့်အလမ်းတွေများတာမို့ ထမင်းစားလက်မှတ်ရသလိုပါပဲ။ ဒီလိုကူညီပံ့ပိုးပေးတဲ့ MPRL E&P ကုမ္ပဏီကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ လက်ရှိမှာ ကျွန်တော်က ဂျပန်ဘာသာစကားသင်တန်းတက်နေပြီး စိုက်ပျိုးရေးအခြေပြုတဲ့အလုပ်နဲ့ ဂျပန်နိုင်ငံမှာ အလုပ်လုပ်ဖို့ အစီအစဉ်လည်းရှိပါတယ်။



မောင်ကျော်စိုးလွင်

ပထမနှစ်ကနေ ဒီပလိုမာဘွဲ့ရတဲ့အထိ MPRL E&P ရဲ့ ပညာသင်ဆုထောက်ပံ့မှုရခဲ့တာကြောင့် ကျွန်တော်တို့ရဲ့ပညာရေးကို အများကြီးအထောက်အကူဖြစ်စေခဲ့ပါတယ်။ ကျောင်းပြီးတော့လည်း အလုပ်အကိုင်ရဖို့ အတော်လေးလွယ်ကူခဲ့ပါတယ်။ လက်ရှိမှာ ကျွန်တော်က မင်္ဂလာဟသ်ာ စိုက်ပျိုးရေးကုမ္ပဏီမှာ အလုပ်လုပ်နေပါတယ်။ အခုက လုပ်ရတာတွေက တောင်သူတွေဆီ ဆေးပို့၊ ကွင်းဆင်း၊ ဆေးညွှန်း၊ ဆေးရောင်း စတာတွေကို လုပ်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့ကုမ္ပဏီရဲ့ စမ်းသပ်စိုက်ခင်းတွေဆီလည်း လက်တွေ့ကွင်းဆင်းရတာတွေ ရှိပါတယ်။ ကျောင်းတုန်းကရခဲ့တဲ့ အတွေ့အကြုံတွေကြောင့် လုပ်ငန်းခွင်ဝင်တော့ တောင်သူတွေနဲ့ စကားပြောဆိုရ၊ အသိပညာပေးရတဲ့ အပိုင်းတွေမှာ ပိုပြီးလွယ်ကူအဆင်ပြေခဲ့ပါတယ်။ ကျွန်တော်အနေနဲ့ လုပ်ငန်းအတွေ့အကြုံများလာပြီး စုဆောင်းငွေလည်း အလုံအလောက်ရှိလာတဲ့အခါ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်ဖွင့်ဖို့ စိတ်ကူးရှိပါတယ်။



မောင်ဟိန်းပြည့်စုံ

အခြေခံပညာကျောင်းပြီးတော့ သက်မွေးပညာတွေ ဆက်သင်ဖို့ အခက်အခဲရှိနေတဲ့ ကျွန်တော်တို့လို လူငယ်တွေကို MPRL E&P ကုမ္ပဏီက ပညာသင်ဆုထောက်ပံ့မှုတွေပေးလို့ ပညာဆက်သင်ခွင့်ရတော့ ကျွန်တော်တို့ရဲ့ အသက်မွေးမှုလမ်းကြောင်းလည်း ပိုပြီးအဆင်ပြေသွားခဲ့ပါတယ်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းဆင်းတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေ အများကြီးရှိပါတယ်။ ဒီကျောင်းရဲ့သင်ကြားမှုပုံစံက အသင်းအဖွဲ့နဲ့ လေ့လာသင်ယူရတာများတဲ့အတွက် လက်တွေ့လုပ်ငန်းခွင်အတွက် အများကြီးအကျိုးရှိပါတယ်။ ပုဂ္ဂလိကကုမ္ပဏီတွေဆီက အလုပ်ခေါ်တာများပါတယ်။ ကျွန်တော်လည်း မင်္ဂလာဟသ်ာကုမ္ပဏီမှာ ကွင်းဆင်းဝန်ထမ်းအနေနဲ့ အလုပ်လုပ်ကိုင်နေပါတယ်။ ကျွန်တော်တို့ရဲ့အလုပ်အကိုင်တွေအတွက်ပါ အဆင်ပြေအောင် ပညာသင်ဆုပံ့ပိုးခဲ့တဲ့ MPRL E&P ကုမ္ပဏီနဲ့ ပညာသင်ကြားပေးတဲ့ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း (ပွင့်ဖြူ) ကိုပါ ကျေးဇူးအထူးတင်ရှိပါတယ်။







မောင်ဇေလင်းအောင်

ကျွန်တော် ကျောင်းပြီးတာနဲ့ စိုက်ပျိုးရေးသုံးပစ္စည်းတွေရောင်းတဲ့ ဧကရာဇာကုမ္ပဏီမှာ အလုပ်ရခဲ့ပါတယ်။ စိုက်ခင်းနဲ့ ရပ်ရွာတွေထဲသွားပြီး စိုက်ပျိုးရေးဆေးတွေနဲ့ပတ်သက်ပြီးရှင်းပြတာ၊ ကုမ္ပဏီတွေရဲ့စံပြစိုက်ကွက်တွေမှာ စိုက်ပျိုးပြတာမျိုးတွေ စတဲ့အလုပ်တွေအတွက် ကျွန်တော်တို့လိုကျောင်းဆင်းတွေက ပိုပြီးသင့်တော်လို့ ကုမ္ပဏီတွေကလည်း ဒီကျောင်းဆင်းတွေကို ဦးစားပေးရွေးချယ်ကြပါတယ်။ ပုံမှန်အခြေအနေတွေမှာတော့ မိန်းကလေးဝန်ထမ်းတွေလည်း အလုပ်အကိုင်အခွင့်အလမ်းရဖို့ လွယ်ပေမယ့် ကွင်းဆင်းရတာများတဲ့ အခြေအနေတွေမှာတော့ ပိုပြီးသွားနိုင်လာနိုင်တဲ့ယောကျ်ားလေးတွေက အလုပ်အကိုင်အခွင့်အလမ်း ပိုများတဲ့သဘောမျိုးဖြစ်နေတာပါ။ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း (ပွင့်ဖြူ) သင်တန်းကို ရွေးချယ်တက်ရောက်ကြမယ့် ဂျူနီယာတွေအနေနဲ့လည်း ကျောင်းမှန်မှန်တက်ပါ။ ကျောင်းစည်းကမ်းကို လိုက်နာပါ။ စာကိုသေသေချာချာကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။ ကျောင်းမှာ သင်ခဲ့ရတဲ့ စာတွေ့၊ လက်တွေ့ သင်ခန်းစာတွေက လက်တွေ့လုပ်ငန်းခွင်ဘဝကို အထောက်အကူပြုပြီး အသုံးလည်းဝင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းလည်းများပါတယ်လို့ ပြောချင်ပါတယ်။ ■





## MPRL E&P ၏ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာ ဆယ်နှစ်ပြည့်အစီရင်ခံစာနှင့် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများ၊ စာစောင်များနှင့် ပြက္ခဒိန်များ ဖြန့်ဝေ

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်သည် မန်းရေနံမြေတွင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် လည်ပတ်ဆောင်ရွက်ခဲ့သည်မှာ ဆယ်နှစ်ပြည့်မြောက်ပြီဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်ကို ဆယ်စုနှစ်တစ်ခုကြာ စနစ်တကျ အောင်မြင်စွာလည်ပတ်ခဲ့မှုအခြေအနေများကို အသေးစိတ်သုံးသပ်ရေးသားထားသည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ ဆယ်နှစ်ပြည့်အစီရင်ခံစာကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ထုတ်ဝေခဲ့သည်။ အဆိုပါ ဆယ်နှစ်ပြည့်အစီရင်ခံစာနှင့်အတူ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းဆိုင်ရာကာတွန်းစာအုပ်ကို ဖန်တီးရေးသားထုတ်ဝေခဲ့ပြီး MPRL E&P ကုမ္ပဏီဝက်ဆိုဒ်တွင် တင်ပြအစီရင်ခံထားပြီးဖြစ်သည်။



တို့မန်းမြေ သတင်းလွှာ အမှတ် (၁၆) ထုတ်ဝေဖြန့်ချိခြင်း



ထို့ပြင် MPRL E&P သည် သတ်မှတ်ဘဏ္ဍာရေးနှစ်များအတွင်း အပတ်စဉ်၊ လစဉ်၊ သုံးလပတ်နှင့် ခြောက်လပတ်အစီရင်ခံစာများကို ပုံမှန်ရေးသားထုတ်ဝေလျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်း လစဉ်၊ သုံးလပတ်နှင့် ခြောက်လပတ်အစီရင်ခံစာများ၊ သုံးလတစ်ကြိမ်ထုတ်ဝေသည့် Insight! နှင့် တို့မန်းမြေစာစောင်များ၊ ၂၀၂၅ ခုနှစ်အတွက် ထုတ်ဝေသည့် ကုမ္ပဏီ၏ နှုတ်ခွန်းဆက်လွှာနှင့် ပြက္ခဒိန်များကို မန်းရေနံမြေရှိ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ CSR လုပ်ငန်းအဖွဲ့ဝင်များက သွားရောက်ပေးပို့ခဲ့သည်။ ထို့ပြင် မန်းရေနံမြေတွင် ကုမ္ပဏီ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံစေတနာ့ဝန်ထမ်းများကိုလည်း နှစ်သစ်လက်ဆောင်အဖြစ် ပုဆိုးနှင့်လုံခြည်များကို CSR လုပ်ငန်းအဖွဲ့ဝင်များက ပေးအပ်ခဲ့သည်။ ■








Insight! သတင်းလွှာ အမှတ် (၄၂) ထုတ်ဝေဖြန့်ချိခြင်း

## လူငယ်များအတွက် အခြေခံကွန်ပျူတာသင်တန်းနှင့် ပန်းချီသင်တန်းများ MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေတွင် ဖွင့်လှစ်သွားမည်

MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းရေနံမြေဒေသခံများအတွက် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများကို ပံ့ပိုးရာတွင် အဆင့်မြင့်ပညာဆက်လက်သင်ယူမည့် လူငယ်များနှင့် လုပ်ငန်းခွင်ဝင်မည့် လူငယ်များအတွက် အခြေခံကွန်ပျူတာအသုံးပြုနည်းများကို လွယ်လင့်တကူတတ်မြောက်နိုင်ရန်ရည်ရွယ်၍ နွေရာသီကွန်ပျူတာအခြေခံသင်တန်းကို ၂၀၂၅ ခုနှစ်၊ မတ်လ (၁၅) ရက်နေ့မှ မေလ (၁၈) ရက်နေ့အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။ အဆိုပါသင်တန်းကို သင်္ကြန်ရုံးပိတ်ရက်များမှအပ အပတ်စဉ်စနေ၊ တနင်္ဂနွေတိုင်း နံနက် (၉) နာရီမှ (၁၁) နာရီအထိ မန်းရေနံမြေရှိ နန်းဦးကျေးရွာစာကြည့်တိုက်တွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

သင်တန်းတွင် ကွန်ပျူတာအကြောင်း သိကောင်းစရာများ၊ Window နှင့် အင်တာနက်အသုံးပြုပုံ၊ Microsoft Word၊ Excel၊ PowerPoint နှင့် Adobe PageMaker တို့ကို သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းတက်ရောက်နိုင်ရန် ကျား၊ မ မရွေး အသက် (၁၆) နှစ်နှင့်အထက် လူငယ်များအနေဖြင့် ၂၀၂၅ ခုနှစ်၊ မတ်လ (၇) ရက်နေ့ နောက်ဆုံးထား၍ ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် မန်းရေနံမြေ CSR ဝန်ထမ်းများထံသို့ လျှောက်လွှာဖြည့်စွက်၍ လျှောက်ထားနိုင်ကြောင်း မန်းရေနံမြေထိစပ်ကျေးရွာများတွင် အသိပေးကြေညာထားသည်။

စာမျက်နှာ - ၁၉ ➤





# ရွှေ့လျားဆေးပေးခန်းများပုံမှန်ဖွင့်လှစ်၊ ဆေးပေးခန်းသုံးပရိဘောဂများဖြည့်တင်း

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ စတုတ္ထသုံးလပတ်အတွင်း မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာအတွင်းရှိ စုရပ်နေရာ (၆) ခုတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ရွှေ့လျားဆေးပေးခန်းများကို ပုံမှန်ဖွင့်လှစ်လျက်ရှိသည်။ ရွှေ့လျားဆေးပေးခန်းများ စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့မှစတင်၍ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့အထိ မန်းရေနံမြေတွင် ဆေးပေးခန်းဖွင့်လှစ်မှုအကြိမ်ရေ (၆၉၆) ကြိမ်ရှိကာ ဒေသခံများ၏ ဆေးခန်းလာရောက်ပြသမှု (၂၀,၄၅၈) ကြိမ်အတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို MPRL E&P (CSR အစီအစဉ်) ဖြင့်ပံ့ပိုးနိုင်ခဲ့သည်။ အလားတူ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့အထိ စုစုပေါင်းဒေသခံ (၃၆) ဦးအတွက် အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးခဲ့ပြီးဖြစ်သည်။ ထို့ပြင် ရွှေ့လျားဆေးပေးခန်းများ ဖွင့်လှစ်လျက်ရှိသည့် ကျေးရွာများတွင် ဆေးခန်းဖွင့်လှစ်နိုင်ရန်လိုအပ်သည့် ပရိဘောဂများကို သက်ဆိုင်ရာကျေးရွာအလိုက်ပံ့ပိုးထားသော်လည်း ကျန်းမာရေးစောင့်ရှောက်မှုများပံ့ပိုးရာတွင် လုံလောက်မှုရှိစေရန်နှင့် ဆေးခန်း၏ အသွင်သဏ္ဍာန်အားဖြင့် ပိုမိုတိုးတက်ကောင်းမွန်စေရန်ရည်ရွယ်





၍ အသစ်ပြင်ဆင်လဲလှယ်ရန်လိုအပ်သည့် စားပွဲခုံ (၁၈) လုံး၊ ကုလားထိုင် (၄၂) လုံး၊ စားပွဲခင်းများ၊ လူနာစမ်းသပ်ခန်းအတွက် လိုက်ကာများအပါအဝင် စုစုပေါင်းကျပ် ၃,၈၀၀,၀၀၀/ (ကျပ်သုံးဆယ့်ရှစ်သိန်း) တန်ဖိုးရှိ ဆေးခန်းသုံးပရိဘောဂများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးဖြည့်ဆည်းခဲ့သည်။

ထို့ပြင် ဒုတိယအကြိမ်မြောက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်၏ နောက်ဆက်တွဲ မျက်စိခွဲစိတ်ကုသရေးလုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလတို့အတွင်း အတွင်းတိမ်ခွဲစိတ်ကုသရမည့် ဒေသခံ (၉၆) ဦး၊ ရေတိမ်လူနာ (၁) ဦး၊ မျက်သားခြစ်လူနာ (၁) ဦး အပါအဝင် စုစုပေါင်းဒေသခံ (၉၉) ဦးကို ခွဲစိတ်ကုသမှုများပံ့ပိုးခဲ့သည်။ မျက်မှန်လိုအပ်သူ (၂၈) ဦးနှင့် မျက်သားတက်ခြင်းနှင့် ရေတိမ်ကုသမှုခံယူရမည့်သူ (၂) ဦးတို့အတွက် လိုအပ်သည့်ဆေးဝါးနှင့်မျက်မှန်တို့ကို MPRL E&P (CSR အစီအစဉ်) ဖြင့်ပံ့ပိုးခဲ့သည်။ ထို့ပြင် MPRL E&P (CSR အစီအစဉ်) ၏ ဒုတိယအကြိမ်မြောက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင် မျက်စိခွဲစိတ်ကုသမှုခံယူမည့် ဒေသခံ (၂၀) ဦးအတွက် မျက်စိကုသစရိတ်များပံ့ပိုးသော



MPRL E&P ၏ Exploration Manager Dr. Eloi Dolivo ကို CSR လုပ်ငန်းအဖွဲ့ဝင်များက ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလအတွင်း အမှတ်တရလက်ဆောင်ပေးအပ်ခဲ့သည်။

ဒုတိယအကြိမ်မြောက် မျက်စိကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို စုစုပေါင်း ကျပ် ၃၀,၂၃၇,၄၀၀/ (ကျပ်သိန်းသုံးရာ့နှစ်သိန်းသုံးသောင်းခုနစ်ထောင့်လေးရာ) အကုန်အကျခံ၍ MPRL E&P (CSR အစီအစဉ်) ဖြင့်ပံ့ပိုးခဲ့သည်။ ■






| ဒေသခံ (၉၉) ဦးအတွက် မျက်စိခွဲစိတ်ကုသခြင်း<br>(အတွင်းတိမ်လူနာ (၉၆) ဦး၊ ရေတိမ်လူနာ (၁) ဦး၊ မျက်ကြည်လွှာခြစ်လူနာ (၂) ဦး | |
|---|---|
| အတွင်းတိမ်ခွဲစိတ်ကုသခြင်း | အတွင်းတိမ်လူနာတစ်ဦးလျှင် ကျပ် ၂၀၀,၀၀၀/ |
| မျက်ကြည်လွှာခြစ်ကုသခြင်း | မျက်ကြည်လွှာခြစ်ကုသမှုတစ်ဦးလျှင် ကျပ် ၁၀၀,၀၀၀/ |
| **စုစုပေါင်းကုန်ကျစရိတ်** | **ကျပ် ၃၀,၂၃၇,၄၀၀/** |

စာမျက်နှာ - ၁၈ မှ အဆက် ➤

အလားတူ MPRL E&P (CSR အစီအစဉ်) ဖြင့် မန်းဒေသခံကလေးများ၏ စိတ်ကူးစိတ်သန်းကွန့်မြူးစေရန်၊ တွေးခေါ်တီထွင်ဖန်တီးနိုင်စွမ်း တိုးတက်စေရန်၊ လက်ချောင်းများ သန်မာစေရန်နှင့် သဘာဝကို ချစ်မြတ်နိုးတတ်စေရန် ရည်ရွယ်၍ နွေရာသီပန်းချီသင်တန်းများကို အခြေခံနှင့် အဆင့်မြင့်တန်းခွဲ (၂) ခုဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ (၂၂) ရက်နေ့မှ မေလ (၂၃) ရက်နေ့အထိ အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ အခြေခံပန်းချီသင်တန်းကို အသက် (၆) နှစ်မှ (၁၂) နှစ်အရွယ် ကျား၊ မ မရွေး လျှောက်ထားနိုင်ပြီး နံနက် (၁၀း၃၀) နာရီမှ နေ့လည် (၁၂း၃၀) နာရီအထိ ကြာကန်ကျေးရွာ ဓမ္မာရုံတွင်



လည်းကောင်း၊ အဆင့်မြင့်ပန်းချီသင်တန်းကို MPRL E&P (CSR အစီအစဉ်) ဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံပန်းချီသင်တန်း တက်ရောက်အောင်မြင်ပြီး သင်တန်းသား၊ သင်တန်းသူများ လျှောက်ထားနိုင်ပြီး နံနက် (၇း၃၀) နာရီမှ နံနက် (၉း၃၀) အထိ မန်းကျိုးကျေးရွာလူထုအခြေပြု ဗဟိုဌာနတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းလျှောက်လွှာများကို ကျေးရွာစေတနာ့ဝန်ထမ်းများနှင့် ရေနံမြေ CSR ဝန်ထမ်းများထံသို့ ၂၀၂၅ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း မန်းရေနံမြေထိစပ်ကျေးရွာများတွင် အသိပေးကြေညာထားသည်။ ■

# (၅)လတာ ရေဆေးပန်းချီသင်တန်း မန်းရေနံမြေလူငယ်များအတွက် ပို့ချပြီးစီး



## သင်တန်းမှူး၊ သင်တန်းသား၊ မိဘများနှင့် တွေ့ဆုံခြင်း

MPRL E&P (CSR အစီအစဉ်) ဖြင့် ၂၀၂၄ ခုနှစ် နွေရာသီတွင် မန်းရေနံမြေတွင်ဖွင့်လှစ်ခဲ့သည့် ပန်းချီသင်တန်းများအနက် အဆင့်မြင့်ပန်းချီသင်တန်းဆင်း ဒေသခံကလေးများအနေဖြင့် ပန်းချီပညာရပ်ကို စဉ်ဆက်မပြတ်လေ့လာနိုင်ရန် ရည်ရွယ်၍ ရေဆေးပန်းချီသင်တန်းကို MPRL E&P (CSR အစီအစဉ်) ဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း (၅) လတာသင်ကြားပို့ချခဲ့သည်။ အဆိုပါသင်တန်းကို ပန်းချီဆရာ ဦးမြင့်လှိုင်မင်း (ပန်းချီကိုမင်း-စကု) က ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၉) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့အထိ အေးမြကျေးရွာလူထုအခြေပြု ဗဟိုဌာနတွင် ဖွင့်လှစ်ပို့ချခဲ့ပြီး အဆိုပါသင်တန်းနှင့်ပတ်သက်၍ ပန်းချီသင်တန်းဆရာပို့ချခဲ့မှုအခြေအနေနှင့် သင်တန်းသားများ၏ သင်ယူတတ်မြောက်ခဲ့သည့်အခြေအနေများကိုတွေ့ဆုံမေးမြန်းခဲ့ပါသည်။





ဦးမြင့်လှိုင်မင်း
(ပန်းချီကိုမင်း-စကု)
သင်တန်းမှူး
ရေဆေးပန်းချီသင်တန်း

ကျွန်တော်က လက်ရှိပန်းချီသင်တန်းအပါအဝင် MPRL E&P (CSR အစီအစဉ်) နဲ့ ပန်းချီသင်တန်း သုံးကြိမ်ဖွင့်လှစ်ခဲ့တာမှာ ပံ့ပိုးခဲ့ပါတယ်။ သင်တန်းတွေအားလုံးမှာ သင်ထောက်ကူပစ္စည်းတွေကအစ လိုအပ်တာအားလုံး ပြည့်ပြည့်စုံစုံပံ့ပိုးပေးတဲ့အတွက် အဆင်ပြေချောမွေ့ခဲ့ပါတယ်။ ပန်းချီပညာက ကလေးတွေအတွက် ဘဝမှာ အသုံးဝင်မယ်လို့ယုံကြည်ပါတယ်။ အင်ဂျင်နီယာ၊ ဒီဇိုင်နာလို အလုပ်မျိုးတွေမှာလည်း ပန်းချီသဘောတရားတွေပါနေတာမို့ ပန်းချီသင်ယူခြင်းက တီထွင်ဖန်တီးနိုင်စွမ်းတွေ မြင့်လာမယ်လို့ယုံကြည်ပါတယ်။ ပန်းချီသင်တန်းပံ့ပိုးပေးတဲ့ MPRL E&P ရဲ့ပံ့ပိုးမှုကို ဝမ်းသာသလို ကျွန်တော့်အနေနဲ့လည်း တစ်ထောင့်တစ်နေရာကပါဝင်ရလို့ ဝမ်းသာပါတယ်။ သင်တန်းသားကလေးတွေက ပန်းချီကို စိတ်ဝင်စားပြီး ကြိုးစားကြပါတယ်။ ကလေးတစ်ယောက်ချင်းမှာ စိတ်ဝင်စားတဲ့အတိုင်းအတာချင်းမတူကြတော့ အခုသင်တန်းက ပန်းချီကိုစိတ်ဝင်စားပြီးလေ့လာတဲ့ကလေးတွေကို ရွေးချယ်တက်ခိုင်းတာပေါ့။ သင်တန်းမှာ အခြေခံရေဆေး ရေးဆွဲတာကိုသင်ပေးပါတယ်။ ရေဆေးအစို၊ အခြောက်၊ အထူ၊ အပါး ရေးတာတွေအပြင် ပန်းချီနဲ့ပတ်သက်ပြီး နေရာချန်ရေးတာတွေ၊ ရှုထောင့်တွေ၊ ပုံတူရေးနည်း၊ ရှုခင်းပုံရေးနည်းတွေလည်း သင်ကြားပေးခဲ့ပါတယ်။ ကလေးတွေရဲ့ အလေ့အကျင့်မပျက်ဘဲ အခုလို တစ်ပတ်နှစ်ရက် ပန်းချီဆွဲချိန်ရတော့ တိုးတက်လာကြပါတယ်။ Theory ပိုင်းကို ပိုပြီးသိလာကြပြီး ဒီထက်ပိုတိုးတက်ဖို့က လေ့ကျင့်မှုအပေါ်မူတည်ပါတယ်။ ပန်းချီကို စနစ်တကျရေးရမယ့် နည်းလမ်းနဲ့ပတ်သက်ပြီး အသိပညာတွေတိုးတက်လာကြပါတယ်။ ပန်းချီမှာဆိုရင် အဓိကက အလေ့အကျင့်ပါပဲ။ အမြဲတမ်းလေ့ကျင့်ရေးဆွဲနေဖို့လိုပါတယ်။ ပန်းချီပညာက ကျယ်ပြန့်တော့ ကျွန်တော်တို့ကိုယ်တိုင်လည်း လေ့လာနေရဆဲမို့ အဓိကကတော့ အလေ့အကျင့်မပျက်ဖို့က အရေးကြီးဆုံးပါ။

---



မောင်ဖြိုးဝေလွင်
ပန်းချီသင်တန်းသား
အေးမြကျေးရွာ

သားက ပန်းချီကို သုံးတန်းနှစ်လောက်ကစပြီး ဝါသနာပါမှန်းသိခဲ့တာပါ။ အရင် အိမ်မှာပဲ ပုံတွေလျှောက်ဆွဲခဲ့ပြီး MPRL E&P က အခြေခံသင်တန်းဖွင့်မယ်ဆိုတော့ စတက်ဖြစ်ခဲ့ပါတယ်။ အခု သင်တန်းပါအပါဆိုရင် သုံးခုမြောက်သင်တန်းတက်တာပါ။ ပန်းချီဆွဲနေရရင်ပျော်လို့ ဆွဲဖြစ်တာပေါ့။ တစ်ခါတစ်ခါပုံဆွဲရင် (၂) နာရီ (၃) နာရီ အမြဲဆွဲပြီး တစ်ပတ်မှာသုံးလေးရက်လောက်တော့ အမြဲပုံဆွဲဖြစ်ပါတယ်။ တစ်ခါတလေ ညဉ့်နက်တဲ့အထိ ပုံထိုင်ဆွဲဖြစ်တာမျိုးလည်းရှိတယ်။ အဓိကကတော့ ပန်းချီဆွဲရတာကိုကြိုက်တာပါ။ မန္တလေးပန်းချီကျောင်းကို သွားတက်ပြီး ပန်းချီဆရာတစ်ယောက်ဖြစ်လာဖို့အထိ ရည်မှန်းထားပါတယ်။ အခုဆိုရင် Outline ကောက်တာ၊ အရောင်အနုအရင့်ခွဲတာ၊ အရောင်အယူအဆတွေ၊ ရေဆေးအစို၊ အခြောက်ဆွဲတာတွေပါ သိပြီးပိုတိုးတက်လာပါတယ်။ အရင်ကကိုယ့်ဟာကိုယ်ဆွဲတာထက်စာရင် နည်းစနစ်တွေပိုသိလာလို့ ပိုပြီးစနစ်တကျဖြစ်လာပါတယ်။ ဆရာတွေကကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားဆွဲဖို့နဲ့လေ့ကျင့်ဖို့ အမြဲပြောပါတယ်။

---



ဒေါ်လှလှဌေး
သင်တန်းသားမိဘ
အေးမြကျေးရွာ

သားက ပန်းချီသင်တန်းတက်နေပေမယ့် ပညာရေးပိုင်းမှာ ထွေထွေထူးထူး စာမလိုက်နိုင်တာမျိုးမဖြစ်ပါဘူး။ နဂိုကလည်း သင်တန်းမရှိတဲ့အချိန်တွေမှာဆို ပုံဆွဲရင်ဆွဲ၊ မဆွဲရင် ဂစ်တာတီးနေတတ်တာမို့ သူ့ပညာရေးပိုင်းမှာ ထိခိုက်တာမျိုးမရှိပါဘူး။ သူဝါသနာပါတာကို စိတ်နှစ်ပြီးလုပ်နေတာတွေ့ရတော့ အခြားဘက်တွေ အာရုံရောက်မနေတာမို့ စိတ်အေးရပါတယ်။ ခုသင်တန်းတက်တော့ သူ့အဖေပုံတူတွေပါ ဆွဲနိုင်လာပါတယ်။ ပန်းချီပညာကို စိတ်ဝင်စားမှုအပြည့်ရှိပြီး ဆရာကလည်း အလားအလာရှိတယ်လို့ပြောပါတယ်။ အခု အေးမြမှာဖွင့်တဲ့ သင်တန်းကာလတစ်လျှောက်လုံးမှာလည်း လိုလေသေးမရှိအောင် MPRL E&P (CSR အစီအစဉ်) ကပဲ အားလုံးပံ့ပိုးပေးတာပါ။ အဲဒီအတွက်လည်း ဝမ်းသာပြီး ကျေးဇူးတင်ရပါတယ်။ ခုလိုသင်တန်းတွေ ပံ့ပိုးပေးတော့ စိတ်ဝင်စားတဲ့ကလေးတွေလည်း လေ့လာသင်ယူခွင့်ရပြီး အိမ်ကသားကိုတော့ သူစိတ်ဝင်စားသလောက် အိမ်ကနေ အားပေးပံ့ပိုးပေးဖို့ ဆုံးဖြတ်ထားတယ်။ MPRL



E&P က သင်တန်းတွေထပ်ဖွင့်ပေးရင်လည်း သူ့ကိုဆက်ထားမှာပါ အဓိကကတော့ ကလေးအပေါ်မှာပဲ မူတည်တာပါ။ ဝါသနာပါတာကို အတတ်နိုင်ဆုံး အားပေးထောက်ပံ့ပေးဖို့ ဆုံးဖြတ်ထားပါတယ်။

နဲ့သုံးရလဲဆိုတာတွေကိုပါသိလာရပါတယ်။ အခုဆို ရေဆေးအစို၊ အခြောက်ရေးနည်းတွေ လူပုံဆိုလည်း အချိုးအစားနဲ့ဆွဲရတာတွေကိုသိလာပြီး ပိုပြီး လှလှပပဆွဲတတ်လာပါတယ်။။


တိုးတက်လာပါတယ်။ ကုမ္ပဏီက သင်တန်းတွေဆက်ဖွင့်ရင်လည်း ဆက်တက်နိုင်ဖို့နဲ့ သမီးရဲ့ဝါသနာပေါ်မူတည်ပြီး သူဆက်လေ့လာချင်ရင်လေ့လာနိုင်အောင် အားပေးပံ့ပိုးပေးဖို့ရှိပါတယ်။




**မဟန်နီစိုးဦး**
ပန်းချီသင်တန်းသူ
မန်းကျိုးကျေးရွာ

အလယ်တန်းတုန်းက ကျောင်းပြိုင်ပွဲတွေမှာ ပန်းချီဝင်ပြိုင်ရင်း ကိုယ့်ကိုယ်ကို ပန်းချီဆွဲရတာကို ကြိုက်တယ်ဆိုတာကိုသိလာတယ်။ ပန်းချီဆွဲတဲ့အချိန်ကို စာလုပ်တဲ့အချိန်နဲ့ခွဲခြားထားပါတယ်။ ကျောင်းပိတ်ရက်တွေမှာ တစ်ရက်သုံးနာရီလောက်တော့ ပုံမှန်ဆွဲဖြစ်ပါတယ်။ ပန်းချီဝါသနာပါပြီး ပုံဆွဲရရင်ပျော်ပါတယ်။ ပန်းချီဆရာဖြစ်တဲ့အထိ ဆက်လုပ်သွားဖို့ ရည်မှန်းထားပါတယ်။ တိုးတက်လာတာတွေတော့ အများကြီးရှိပါတယ်။ သင်တန်းမတက်ခင်တုန်းက ပုံဆွဲချင်စိတ်ရှိလို့ ဆွဲလိုက်တာမျိုးမို့ အမြင်တွေ၊ နည်းစနစ်တွေမပါပါဘူး။ အခုပုံဆွဲတဲ့အခါ ဘယ်လိုယူဆပြီးဆွဲရတယ်၊ ဘယ်လိုအရောင်တွေက၊ ဘယ်လိုအဓိပ္ပာယ်









**ဦးမင်းစိုးဦး**
သင်တန်းသူမိဘ
မန်းကျိုးကျေးရွာ

အရင်ကတော့ ပုံဆွဲရင်ဒီအတိုင်းပဲဆွဲလိုက်ပြီး အခုသင်တန်းတက်တော့ ကြည့်လို့ကောင်းအောင် ဆွဲတတ်လာတဲ့တော့ တိုးတက်လာတယ်လို့မြင်ပါတယ်။ ပန်းချီသင်တန်းတက်လို့ ပညာရေးဘက်မှာထိခိုက်တာ မရှိပါဘူး။ ကလေးက သူ့စာနဲ့သူဆိုလည်း ပြောစရာမလိုအောင်လုပ်တာရယ် ပြီးတော့ သင်တန်းအချိန်က တစ်ပတ်မှာ ပိတ်ရက်တွေမှာ မနက် (၉) နာရီကနေ (၁၁) နာရီလောက်ပဲဆိုတော့ အဆင်ပြေပါတယ်။ အရင်တုန်းက စာအုပ်အလွတ်တွေမှာ၊ ကျောင်းပြိုင်ပွဲတွေမှာလည်း ပုံတွေဆွဲတာမျိုးရှိပါတယ်။ MPRL E&P က အခြေခံပန်းချီသင်တန်းဖွင့်ဖို့ကြေညာတော့ သမီးက စိတ်ဝင်စားပြီး တက်ချင်တယ်ဆိုတာနဲ့ ပေးတက်လိုက်တာပါ။ အဓိကက သမီးကစိတ်ဝင်စားတော့ အေးမြအထိ အလုပ်မအားတဲ့ကြားက အကြိုအပို့လုပ်ပေးပါတယ်။ ပန်းချီသင်တန်းတက်ပေမယ့် စာကိုလည်း သူ့ဟာနဲ့သူပြောစရာမလိုအောင် ကြိုးစားနေတော့ အကြိုအပို့လုပ်ပေးရကျိုးနပ်ပါတယ်။ သင်တန်းတက်ခဲ့တဲ့ တစ်လျှောက်မှာတော့ မိဘက ကြိုပို့လေးလုပ်ရုံပါပဲ။ ကျန်တဲ့သင်ထောက်ကူတွေပါ သင်တန်းကပံ့ပိုးပေးတာမို့ ကုမ္ပဏီကိုလည်း ကျေးဇူးတင်ပါတယ်။ ကလေးတွေလည်း သူတို့စိတ်ဝင်စားတဲ့ပညာရပ်အပေါ်မှာ စနစ်တကျသင်ခွင့်ရပြီး



အဆိုပါသင်တန်း၏ သင်တန်းဆင်းပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့တွင် နန်းဦးကျေးရွာလူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။ အခမ်းအနားတွင် သင်တန်းမှူးဆရာ ဦးမြင့်လှိုင်မင်းက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းသားများ၏ သင်တန်းဆင်းလက်ရာပန်းချီကား (၁၄) ကားကို ခင်းကျင်းပြသခဲ့ကာ သင်တန်းသား (၂) ဦးက လက်တွေ့ပန်းချီရေးဆွဲပြသသည့်အစီအစဉ်ပါ ထည့်သွင်းပြသခဲ့သည်။ ရေဆေးပန်းချီသင်တန်းကို CSR အစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သည့် အခြေခံနှင့်အဆင့်မြင့်ပန်းချီသင်တန်းသားများအနက် ဆက်လက်လေ့လာလိုသည့် သင်တန်းသား (၆) ဦးကိုရွေးချယ်ကာ အပတ်စဉ် စနေနေ့နှင့်တနင်္ဂနွေနေ့များတွင် သင်တန်းမှူး၏ ကြီးကြပ်မှုဖြင့် (၅) လတာ လေ့ကျင့်သင်ကြားခဲ့ခြင်းဖြစ်သည်။ ■



# မန်းရေနံမြေတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်အတူ MPRL E&P အနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ခွင့်ရရှိခြင်းနှင့် ကုမ္ပဏီအနေဖြင့် ပံ့ပိုးဆောင်ရွက်ခဲ့သည့် လူမှုတာဝန်သိ CSR လုပ်ငန်းကဏ္ဍအလိုက် ဒေသခံများ၏ သဘောထားမှတ်ချက်များ မေးမြန်းခြင်း

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပူးပေါင်း၍ မန်းရေနံမြေတွင် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P အနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်အတူ မန်းရေနံမြေဒေသခံများအတွက် ကျန်းမာရေး၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍအလိုက် လူမှုတာဝန်သိ CSR လုပ်ငန်းများကိုဆောင်ရွက်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကြာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ထို့ပြင် မန်းရေနံမြေစီမံခန့်ခွဲရေးလုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခွင့်ရရှိခဲ့သည့် MPRL E&P ကုမ္ပဏီအနေဖြင့် ကုမ္ပဏီ၏ လူမှုတာဝန်သိ CSR လုပ်ငန်းများကိုပါ အရှိန်အဟုန်မပြတ် ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သည်။ သို့ဖြစ်၍ မန်းရေနံမြေတွင် ပံ့ပိုးဆောင်ရွက်ခဲ့သည့် လူမှုတာဝန်သိ CSR လုပ်ငန်း ကဏ္ဍအလိုက် အကျိုးခံစားခွင့်ရရှိခဲ့သည့်ဒေသခံများ၏ ကုမ္ပဏီနှင့် CSR လုပ်ငန်းများအပေါ် သဘောထားမှတ်ချက်များကိုသိရှိနိုင်ရန် တို့မန်းမြေသတင်းအယ်ဒီတာအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြအပ်ပါသည်။





**ဒေါ်ခင်ပို**
ကျန်းမာရေး
စောင့်ရှောက်မှုခံယူသူ
လေးအိမ်တန်းကျေးရွာ

ကျွန်မက အခုဆိုအသက် (၅၉) နှစ်ရှိပါပြီ။ ဆီးချိုဖြစ်နေတာကြာနေပြီး ကုမ္ပဏီရဲ့ရွေ့လျားဆေးပေးခန်းမရှိချိန်တုန်းက ဆေးခန်းရယ်လို့လည်း သွားမပြဖြစ်ခဲ့တော့ ဘာဖြစ်လို့ဖြစ်မှန်းမသိခဲ့ဘူး။ အဲဒီကနေ မျက်စိတစ်ဖက်မကောင်းတော့တဲ့ အထိဖြစ်ခဲ့ရတယ်။ လွန်ခဲ့တဲ့သုံးလေးနှစ်က ဆေးခန်းစဖွင့်တဲ့အချိန်ကတည်းက ကုမ္ပဏီက ဆရာတွေနဲ့ပြလာခဲ့တာ အခုဆို ဆေးခန်းစာအုပ်တောင် (၄) အုပ်မြောက်ရှိနေပါပြီ။ အရင်က ဆီးချိုတွေတက်ရင်တက်သလို တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါ ပြနေရတာပါ။ ဆေးလည်းတောက်လျှောက်ပေးနေတော့ ဆီးချိုကိုထိန်းနိုင်လာပြီး အခုဆို တစ်လတစ်ခါလောက်ပဲ ပြရတော့တယ်။ ဆေးခန်းကတော့ ကျွန်မတို့လို သက်ကြီးဒေသခံတွေအတွက် မရှိမဖြစ် အားကိုးရာပါပဲ။ ဆေးလည်း အခမဲ့ပေးရုံတင်မကဘူး ဆေးခန်းက ဆရာတွေ၊ ဆရာမတွေကလည်း သေချာဂရုတစိုက်နဲ့ ကုသပေးကြပါတယ်။ ကုမ္ပဏီရောက်လာပြီးကတည်းက ကျောင်း၊ လမ်း၊ ရေဆိုရေ ပံ့ပိုးထားလို့ ကျွန်မတို့ကျေးရွာတွေအနေနဲ့ အရင်လိုမဟုတ်တော့ဘဲ မျက်စိပွင့်နားပွင့်ဖြစ်လာရပါတယ်။ ကျွန်မအိမ်သားဆိုလည်း ဒီကုမ္ပဏီကနေပဲ မျက်စိခွဲပေးထားတာ။ ဒီလိုအသက်ကြီးလို့ မကျန်းမမာရှိချိန်မှာ ကိုယ့်ကိုဂရုစိုက်မယ့် ဆရာဝန်၊ ဆရာမ အနားမှာရှိနေတာက ဘာနဲ့မှမတူအောင် အားကိုးအားထားပြုရတော့ ဆေးခန်းလေးလည်း အမြဲရှိစေချင်ပါတယ်။ ကုမ္ပဏီလည်း ဒီထက်မက ကြီးပွားတိုးတက်ပါစေလို့ အမြဲဆုတောင်းပေးပါတယ်။



**ဦးတင်သောင်း**
ကျန်းမာရေး
စောင့်ရှောက်မှုခံယူသူ
မယ်ဘော့ကုန်းကျေးရွာ

ကျွန်တော်က MPRL E&P က ကမကထပြုပြီး မျက်စိကျန်းမာရေးစောင့်ရှောက်မှုမှာ မျက်စိခွဲစိတ်ကုသမှု ခံယူခဲ့သူပါ။ မျက်စိက ခန္ဓာတစ်ခုလုံးမှာ အရေးကြီးဆုံးလို့တောင်ပြောလို့ရပါတယ်။ ကိုယ်ခန္ဓာဘယ်လောက် ကျန်းမာကျန်းမာ၊ မျက်စိအမြင်အာရုံမရတော့ရင် နေ့စဉ်ဘဝမှာ အခက်အခဲတွေအများကြီးရှိပါတယ်။ ကျွန်တော့်မျက်စိက ကြည့်ရတာမှုန်ဝါးလာလို့ ဒီတစ်ခေါက် ၂၀၂၄ ခုနှစ်မှာ ကုမ္ပဏီအနေနဲ့ ဒုတိယအကြိမ်မြောက် ခွဲစိတ်ကုသပေးမယ်ဆိုတော့ ကျွန်တော်လည်း ခွဲစိတ်ခွင့်ရခဲ့ပါတယ်။ နဂိုကတည်းကလည်း ကုမ္ပဏီအနေနဲ့ ရပ်ရွာအပေါ်မှာ စေတနာထားပါတယ်။ ဒီလို ခေတ်ကာလကြီးထဲမှာ အပြင်မှာ ခွဲစိတ်ကုသရင် သိန်းဆယ်ဂဏန်းလောက်ကုန်နိုင်တဲ့ ကုသမှုမျိုးကို မျက်စိခွဲရတဲ့လူနာအများကြီးအတွက် ကုမ္ပဏီက အခမဲ့ပံ့ပိုးတာ တော်တန်စေတနာမဟုတ်ပါဘူး။ မန်းရေနံမြေမှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့အတူ ကုမ္ပဏီအနေနဲ့ ဆက်ပြီးလုပ်ကိုင်ပံ့ပိုးမယ်ဆိုတာ သိရတော့လည်း ဝမ်းသာပါတယ်။ ကျေးရွာ (၁၄) ရွာရဲ့ လိုအပ်ချက်တွေကိုလည်း တတ်အားသရွေ့ဆက်ပြီး ဖြည့်ဆည်းသွားမယ်ဆိုတာလည်း ယုံကြည်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသေးတဲ့ ကျေးလက်ဒေသမှာ ကုမ္ပဏီအနေနဲ့ ဒီလိုအကြံဉာဏ်တွေ၊ နည်းစနစ်တွေနဲ့ ရပ်ရွာကိုပံ့ပိုးတာတွေက ကျွန်တော့်အသက် (၆၀) အတွင်းမှာ တစ်ခါမှ မကြုံခဲ့ရဖူးပါဘူး။ ရပ်ရွာဒေသခံတစ်ယောက်အနေနဲ့ကတော့ ကိုယ်ရပ်ကိုယ့်ရွာထဲမှာ ထိခိုက်နစ်နာစရာကိစ္စမျိုး၊ ဆိုးကျိုးရှိစေမယ့်ကိစ္စမျိုးဆိုရင် သေချာပေါက် သက်ဆိုင်သူတွေကို အကြောင်းကြားဆက်သွယ်သွားမှာပါ။ ကုမ္ပဏီဆိုတာ အရင်းအနှီးနဲ့လုပ်ရတာမို့ ကိုယ်တွေလိုဒေသခံတွေကလည်း တစ်ဖက်တစ်လမ်းကနေ ပြုပြင်၊ ပြင်ဆင်ဖို့ လိုအပ်တာတွေရှိရင်လည်း ဝိုင်းဝန်းပြီးအသိပေးတင်ပြသွားမှာပါ။ ကုမ္ပဏီလည်း ဆတက်ထမ်းပိုးတိုးပြီး တည်တံ့ပါစေ။



**ဦးထွန်းလှအောင်**
ကျေးရွာအုပ်ချုပ်ရေးမှူး
မန်းကျိုးကျေးရွာ

အခုဆို MPRL E&P က ကျွန်တော်တို့ဒေသမှာ CSR လုပ်ငန်းတွေကို ဆယ်စုနှစ်တစ်ခုကျော် လက်တွဲလုပ်ကိုင်ခဲ့ပြီးတာမို့ ရင်းနှီးမှုက အထူးပြောစရာမလိုပါဘူး။ နောက်ပြီး ကျွန်တော်တို့ နယ်ခံတွေအနေနဲ့လည်း ကိုယ့်ရပ်ကိုယ့်ရွာဖွံ့ဖြိုးရေးအတွက် လာလုပ်ပေးကြတဲ့ ဘယ်အဖွဲ့အစည်းနဲ့မဆို လက်တွဲပူးပေါင်းလုပ်ကိုင်မှာပါ။ အခုဆို မန်းရေနံမြေမှာ MPRL E&P က ဆက်ပြီးလုပ်ကိုင်နေဦးမှာမို့ ကျွန်တော်တို့နဲ့ လုပ်လက်စလုပ်ငန်းတွေလည်း အရှိန်တန့်မသွားတော့ဘူးပေါ့ဗျာ။ ဖွံ့ဖြိုးရေးအတွက် ဆက်လုပ်မယ့်လုပ်ငန်းတွေအတွက်လည်း အထူးပြောစရာမလိုတော့ဘူးပေါ့။ ကျွန်တော်တို့လိုအပ်ချက်ကို စနစ်တကျတင်ပြရင် ကုမ္ပဏီဘက်ကလည်း ဖြည့်ဆည်းပေးပါတယ်။ အဓိကကတော့ ကျန်တဲ့ကျေးရွာတွေပါအပါ ကျွန်တော်တို့ ဒေသတစ်ခုလုံး လိုချင်တာနဲ့လိုအပ်တာကို သဲသဲကွဲကွဲသိပြီး ကုမ္ပဏီဘက်

ကလည်း ပံ့ပိုးပေးနိုင်အောင် ဝမ်းပန်းတသာနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ပဲလိုတာပါ။ ဒါမှလည်း ဒေသတစ်ခုလုံး တပြေးညီ ဖွံ့ဖြိုးတိုးတက်လာမှာပေါ့။



**ဒေါ်စုမြတ်နိုး**
CSR အထောက်အကူပြု
ဝန်ထမ်း
မန်းရေနံမြေ

ကျွန်မက မန်းကျိုးကျေးရွာဇာတိဖြစ်ပြီး မိဘတွေက မိရိုးဖလာတောင်သူနဲ့ အရောင်းအဝယ်အလုပ် လုပ်ကိုင်ကြပါတယ်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှာ မန်းရေနံမြေက CSR ဌာနမှာ အလုပ်စဝင်ခဲ့ပါတယ်။ အခုဆိုရင် လုပ်သက်တစ်နှစ်လောက်အတွင်းမှာ MPRL E&P ရဲ့ CSR ဌာနအနေနဲ့ဆောင်ရွက်နေတဲ့ လုပ်ငန်းတော်တော်များများမှာ ဝင်ရောက်လုပ်ကိုင်နေပါပြီ။ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်ဖြစ်ပါတယ်။ လူငယ်အစီအစဉ်တွေနဲ့ပတ်သက်ပြီး မန်းရေနံမြေဒေသခံလူငယ်တွေအတွက်ပံ့ပိုးနေတဲ့ ကာလတို၊ ကာလရှည်ပညာသင်ဆုအစီအစဉ်တွေ ဖိတ်ခေါ်နိုင်ဖို့ ကြိုတင်ပြင်ဆင်ရတာ၊ လျှောက်လွှာတွေ စိစစ်တာနဲ့ ဆက်လက်တင်ပြပေးတာ စတဲ့လုပ်ငန်းအဆင့်တော်တော်များများကို ပါဝင်လုပ်ကိုင်ရပါတယ်။ နောက်ပြီး ကာလတိုသင်တန်းတွေဖြစ်တဲ့ ချည်ထိုးပန်းထိုးသင်တန်း၊ ဆိုင်ကယ်ပြုပြင်သင်တန်း၊ ကွန်ပြူတာသင်တန်းစတဲ့ သင်တန်းတွေမှာတာဝန်ရှိတဲ့အတိုင်း ပါဝင်လုပ်ကိုင်ရပါတယ်။ မန်းရေနံမြေမှာ MPRL E&P (CSR အစီအစဉ်) အနေနဲ့ အကောင်အထည်ဖော်နိုင်အောင် ဝိုင်းဝန်းပံ့ပိုးရတဲ့ စေတနာ့ဝန်ထမ်းနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တွေနဲ့ပါ တခြား CSR လုပ်ငန်းအဖွဲ့ဝင်တွေနဲ့အတူ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ရပါတယ်။ အခုဆို မန်းရေနံမြေမှာ MPRL E&P အနေနဲ့ ဆက်ပြီးလုပ်ငန်းလုပ်ကိုင်ခွင့်ရတော့ ကျွန်မတို့လို ဒေသခံလူငယ်တွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ရရှိစေပါတယ်။ အခုဆို ရပ်ရွာအရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပါ ဆက်စပ်နေတဲ့ MPRL E&P ရဲ့ CSR လုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်နေရတာ ကျွန်မအတွက် ဗဟုသုတနဲ့အတွေ့အကြုံတွေ အများကြီးရစေတာမို့ ဆက်လက်လုပ်ကိုင်သွားဖို့လည်း ရည်မှန်းထားပါတယ်။



**ဦးအောင်မောင်း**
ကျေးရွာဖွံ့ဖြိုး
တိုးတက်ရေးကော်မတီဝင်
အေးမြကျေးရွာ

ကျွန်တော်တို့ အေးမြအနေနဲ့ကတော့ ပင်စင်စားတွေ အနေများတဲ့ကျေးရွာလည်း ဖြစ်တာမို့ ကိုယ့်ရပ်ရွာဖွံ့ဖြိုးရေးကို ကိုယ်ထူကိုယ်ထလုပ်ရမယ်ဆိုရင် အချိန်တော်တော်လေး ယူရမယ့်သဘောရှိပါတယ်။ အခုလို ကျွန်တော်တို့ ရပ်ရွာမှာ လုပ်ငန်းလာလုပ်တဲ့ MPRL E&P က CSR အစီအစဉ်တွေနဲ့ ဒေသဖွံ့ဖြိုးရေးကို ကျွန်တော်တို့ မန်းရေနံမြေထိစပ်ကျေးရွာတွေမှာ အကောင်အထည်ဖော်ပေးတော့ တော်တော်လေးကို တိုးတက်ပြောင်းလဲလာတာလည်းတွေ့ရပါတယ်။ ကျွန်တော်တို့ အေးမြတင်မကပါဘူး ကျန်ရွာတွေဆိုလည်း ရွာခံတွေနဲ့တိုင်ပင်ပြီး လိုတာကိုဖြည့်ဆည်းပေးနေတာမို့ တိုးတက်ပြောင်းလဲလာတာ ကျွန်တော်တို့ မြင်တွေ့နေရပါတယ်။ အေးမြမှာတော့ ဆိုလာရေစက်ဆိုလည်း ရပြီ။ စာကြည့်တိုက်အဆင့်မြှင့်တင်တာကအစ တော်တော်လေးကို ပြည့်စုံအောင်ပံ့ပိုးနေတာပါ။ အခုဆိုလည်း ကွန်ကရစ်ရေကျော်ခင်းပြီးရင် လမ်းတွေပိုကောင်းလာတော့မယ်။ ကျွန်တော်တို့ရွာမှာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဆိုတာလည်းရှိတော့ ကိုယ့်ရပ်ရွာအရေးတိုင်ပင်ပြီး လုပ်ကိုင်ပေးမယ့်သူတွေအနေနဲ့လည်း လုပ်ပေးနိုင်အောင်၊ ကျွန်တော်တို့အတွက်လည်း အမှန်တကယ်လိုအပ်နေတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းလေးတွေလည်းဖြစ်အောင် ဝိုင်းဝန်းကြတဲ့သဘောပါ။ ကျွန်တော်က ဝါသနာအရလည်း CSR က သင်တန်းလေးတွေမှာ ကူပေးနေပါတယ်။ အခုလည်း CSR အစီအစဉ်ကနေဖွင့်ထားတဲ့ ရေဆေးပန်းချီသင်တန်းမှာ သင်တန်းမှူး ဆရာကိုမြင့်လှိုင်မင်းနဲ့တွဲပြီး ကလေးတွေကို လိုတာလေးတွေ ကြည့်ရှုပေးနေပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း MPRL E&P ရဲ့ မျက်စိစောင့်ရှောက်မှု အစီအစဉ်ကနေ ပြီးခဲ့နှစ်က ဘယ်ဘက်မျက်စိခွဲခဲ့ပြီး ဒီနှစ်တော့ ညာဘက်မျက်စိခွဲခဲ့တယ်။ ဒီလို ဘက်စုံထောင့်စုံကနေ ပံ့ပိုးပေးတဲ့အပေါ်မှာလည်း ကုမ္ပဏီကို ကျေးဇူးတင်တဲ့အပြင် CSR အဖွဲ့တွေဆိုလည်း ကျွန်တော်တို့ရဲ့ မိသားစုမိတ်ဖက်တွေလို အမြဲသဘောထားပါတယ်။



**ဒေါ်မာမာအေး**
ခရမ်းချဉ်တောင်သူ
မန်းကျိုးကျေးရွာ

ကျွန်မက ခရမ်းချဉ်စိုက်ပျိုးရေး နှစ်စဉ်လုပ်ကိုင်လာခဲ့တဲ့ တောင်သူတစ်ဦးပါ။ MPRL E&P (CSR အစီအစဉ်)နဲ့ ပံ့ပိုးခဲ့တဲ့ မြေငွေ့ထိန်းစိုက်ပျိုးနည်းစနစ်နဲ့ စိုက်ပျိုးလာတာလည်း အတော်လေးအတွေ့အကြုံရနေပါပြီ။ ဒီနှစ်စိုက်ပျိုးရာသီဆိုရင် (၈) လပိုင်း (၉) လပိုင်းမှာ စခဲ့တာကနေ လေးငါးလနီးပါးကြာတော့မှ စပြီးခူးဆွတ်ရပါတယ်။ အခုဆို သီးနှံခူးဆွတ်ရတာ (၂၆) ကြိမ်ရှိပြီး ပိဿာချိန်လည်း (၃,၇၀၀) ကျော်ရခဲ့ပါပြီ။ CSR အစီအစဉ်က ကြီးကြပ်လုပ်ကိုင်ပေးတဲ့ မျိုးစေ့ဘဏ်ရဲ့ မျိုးစေ့ထုပ် (၂) ထုပ်ကနေ အပင်ပေါင်း (၄,၀၀၀) ကျော်ကို (၀.၃၅) ဧက လောက်မှာပဲ စိုက်ခဲ့တာပါ။ ကျွန်မတို့တောင်သူတွေအနေနဲ့ မိရိုးဖလာစိုက်ပျိုးရေးကနေ GAP စိုက်ပျိုးရေး အလေ့အကျင့်ကောင်းတွေကို သင်ကြားပို့ချပေးပြီး အဆင့်မြှင့်တင်ပေးခဲ့လို့ စိုက်ပျိုးရတာ တွင်ကျယ်လာပါတယ်။ မန်းက ခရမ်းချဉ်ကလည်း ဒေသဈေးကွက်မှာ မျက်နှာပန်းလှပါတယ်။ မန်းတောင်သူတွေအတွက် လိုအပ်တဲ့ စိုက်ပျိုးရေးအသိပညာ၊ အထောက်အပံ့တွေနဲ့အတူ လေ့လာပြီးပံ့ပိုးနေတာမို့ MPRL E&P (CSR အစီအစဉ်) ကို အမြဲကျေးဇူးတင်နေပါတယ်။ ကျွန်မတို့ရပ်ရွာမှာ တောင်သူတွေရဲ့ စီးပွားရေးကို မျက်ခြေမပြတ်စောင့်ကြည့်ပြီး လိုအပ်တာလည်း ဆက်ပြီးပံ့ပိုးနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ■

ကျောဖုံးမှ အဆက် ➤

အထူးသဖြင့်ဒေသခံတွေကပါ ဒါက သူတို့ကျန်းမာရေးအတွက် ဒီလို ကျေးရွာအရောက် ပံ့ပိုးပေးနေတယ်ဆိုတာကို လက်ခံယုံကြည်ကြတဲ့အတွက်လည်း ပါပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ရွှေ့လျားဆေးပေးခန်းတွေ မန်းရေနံမြေထိစပ်ကျေးရွာတွေထဲမှာ တစ်ပတ်ကို (၆) နေရာမှာဖွင့်တာမို့ ဒေသခံတွေနဲ့ အကျွမ်းတဝင်လည်းရှိပါတယ်။ ကျွန်တော်တို့ရဲ့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ်မှာ ယုံကြည်စိတ်နဲ့ ကုမ္ပဏီရဲ့ပံ့ပိုးမှုအပေါ်မှာလည်း ဒေသခံတွေရဲ့ အသိအမှတ်ပြုကျေးဇူးတင်စိတ်ကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီလိုကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲတွေမှာ မန်းက ဘယ်ရွာမှာ စီစဉ်ပြီးလုပ်လုပ် လူ (၂၀၀) (၃၀၀) လောက်က အမြဲပြည့်နေတာပါပဲ။ အခု ဖေဖော်ဝါရီ (၂၆) ရက်နေ့မှာ အောက်ကျောင်းမှာကျင်းပခဲ့တဲ့ သားဆက်ခြားကျန်းမာရေးဆွေးနွေးပွဲဆိုရင်လည်း ကျား၊ မခွဲပြီး ရှင်းပြပေးတာမှာ ဒေသခံ (၁၈၅) ဦးလောက်လာတက်ကြပြီး သေချာနားထောင်ကြပါတယ်။ နောက်လိုအပ်သူတွေအတွက်လည်း သားဆက်ခြားရာမှာ အသုံးပြုနိုင်မယ့် ဆေးနဲ့ ဆက်စပ်ပစ္စည်းတချို့ကို CSR အစီအစဉ်နဲ့ ပံ့ပိုးပေးခဲ့ပါတယ်။ ဒီလို ကျန်းမာရေးဟောပြောပွဲအစီအစဉ်တွေမှာ ဒေသခံတွေရဲ့ ပူးပေါင်းပါဝင်မှုနဲ့ စိတ်ပါဝင်စားမှုကို အပြည့်အဝရတယ်လို့မြင်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ပူးပေါင်းပါဝင်အားဖြည့်ရကျိုးနပ်ပါတယ်။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ် ဆရာ။** ■





# MPRL E&P ၏ မန်းရေနံမြေတာဝန်ခံဆရာဝန် ဒေါက်တာကျော်ရဲထွဋ်နှင့်တွေ့ဆုံခြင်း



## မန်းရေနံမြေလူငယ်များအတွက် မျိုးဆက်ပွား ကျန်းမာရေးအသိပညာပေးအစီအစဉ်

**မင်္ဂလာပါ ဆရာ။ MPRL E&P မှာ ဆရာတာဝန်ထမ်းဆောင်နေတဲ့အပိုင်းနဲ့ CSR အစီအစဉ်တွေမှာ လက်တွဲပူးပေါင်းပါဝင်ဖြစ်တဲ့အခြေအနေလေးလည်း ရှင်းပြပေးပါဆရာ။**

ကျွန်တော်က MPRL E&P ရဲ့ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး (Health, Safety and Environment-HSE) ဌာနမှာ မန်းရေနံမြေတာဝန်ခံဆရာဝန် (Site Doctor/ HSE Officer) အနေနဲ့ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ကျွန်တော်က MPRL E&P Group of Companies မှာ လုပ်ကိုင်လာတာ (၇) နှစ်နီးပါးလည်း ရှိပြီမို့ လုပ်ငန်းသဘောသဘာဝနဲ့ မန်းရေနံမြေဒေသခံတွေနဲ့ပါ ရင်းနှီးလာတာလည်းကြာပါပြီ။ ကျွန်တော်တို့ကုမ္ပဏီရဲ့ CSR အစီအစဉ်အနေနဲ့ ရွေ့လျားဆေးပေးခန်းတွေ အပတ်စဉ်ဖွင့်တော့ ကျွန်တော့်အလုပ်ချိန်ရဲ့ မနက်ပိုင်းတွေမှာ ဒေသခံတွေအတွက် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ ဆေးခန်းထိုင်ပေး၊ အိမ်တိုင်ရာရောက်လူနာလိုက်ကြည့်ပေးတာတွေကို CSR လုပ်ငန်းအဖွဲ့ဝင်တွေနဲ့အတူ ပါဝင်ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် ဒေသခံတွေအတွက် ကျန်းမာရေးဗဟုသုတနဲ့ အသိပညာပေးအစီအစဉ်တွေမှာ CSR ရဲ့ပံ့ပိုးစီစဉ်ပေးမှုမှာ ကျွန်တော်တို့ကပါဝင်ပြီး ကျန်းမာရေးအသိပညာပေးဖြစ်ပါတယ်။ နောက် မိုးကာလဆို သွေးလွန်တုပ်ကွေးနဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးလုပ်ငန်းတွေအနေနဲ့လည်း မန်းဒေသကအခြေခံပညာကျောင်းတွေမှာ အသိပညာပေးတဲ့အစီအစဉ်တွေမှာ ပါဝင်ဖြစ်ပါတယ်။ လတ်တလောမှာတော့ မန်းဒေသခံတွေအတွက် မိခင်နှင့်ကလေးကျန်းမာရေး၊ အခု မျိုးဆက်ပွားကျန်းမာရေး ဒီလိုခေါင်းစဉ်တွေနဲ့ အသိပညာပေးအစီအစဉ်တွေမှာ ပူးပေါင်းပါဝင်နေပါတယ်။

**ဒီတစ်ခေါက် မန်းရေနံမြေဒေသခံတွေအတွက် ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲမှာ မျိုးဆက်ပွားကျန်းမာရေးနဲ့ပတ်သက်ပြီး ရွေးချယ်ဖြစ်ပုံလေးကို ရှင်းပြပေးပါဦး ဆရာ။**

ဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး ရွေးချယ်ဖြစ်တာကတော့ မျိုးဆက်ပွားကျန်းမာရေးဆိုတာ ဘယ်ခေတ်၊ ဘယ်ကာလမဆို လူသားအရင်းအမြစ်တစ်ခုလုံးအတွက် မသိမဖြစ်တဲ့ ဘာသာရပ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့လူမျိုးရဲ့ ယဉ်ကျေးမှု၊ ဓလေ့တွေနဲ့ ဒီဘာသာရပ်အပေါ်မှာ ဆွေးနွေးရမှာ ရှက်ကြောက်ကြတဲ့အနေအထားလေးတွေလည်းရှိကြတာမို့ သိသင့်သိထိုက်တဲ့အချိန်မှာ သိရှိနားလည်နိုင်အောင်လည်း ရည်ရွယ်ပါတယ်။ မျိုးဆက်ပွားကျန်းမာရေးနဲ့ဆိုင်တဲ့ (Unwanted Child Case) သတင်းတွေ ကြိုကြားတွေ့လာရပြီး အနုပညာရှင်တချို့ဆိုလည်း ဒီလိုကလေးတွေကို ပြုစုစောင့်ရှောက်နေတဲ့ဂေဟာတွေနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုးပေးလာရတဲ့ အနေအထားလေးတွေ တွေ့နေရပါတယ်။ ကျွန်တော်တို့ မန်းရေနံမြေထိစပ်ကျေးရွာတွေမှာ ဒီလို Case မျိုးတွေကို ကြိုတင်ကာကွယ်နိုင်အောင်နဲ့ သားဆက်ခြားနဲ့ မျိုးဆက်ပွားကျန်းမာရေးအသိပညာတွေကိုလည်း လူငယ်၊ လူလတ်ပိုင်းတွေမှာ အမှန်တကယ်တိုးတက် သိရှိစေလိုတဲ့အတွက်ကြောင့် MPRL E&P (CSR အစီအစဉ်) က တာဝန်ရှိသူတွေနဲ့ ကျွန်တော်တို့ ရေနံမြေတာဝန်ခံဆရာဝန်တွေ ကြိုတင်တိုင်ပင်ပြီး ဒီခေါင်းစဉ်ကို မန်းရေနံမြေဒေသခံတွေအတွက် ရွေးချယ်ဖြစ်တာပါ။ နောက်ပြီး အခုခေတ်မှာ မိုဘိုင်းဖုန်းတွေနဲ့အတူ အင်တာနက်ကနေလည်း သတင်းအချက်အလက်မျိုးစုံ မပြတ်စီးဆင်းနေတော့ မန်းရေနံမြေဒေသခံတွေနဲ့ အမြဲထိတွေ့နေရတဲ့ ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးအသိပညာပေးအစီအစဉ်တွေကနေတဆင့် သိသင့်သိထိုက်တာတွေကို အသိပေးနိုင်ဖို့ လိုအပ်တယ်လို့လည်းယူဆတဲ့အတွက် ဖြစ်ပါတယ်။



**ဒီဘာသာရပ်နဲ့ပတ်သက်ပြီး ဆရာတို့ဆွေးနွေးပွဲမှာ ဆွေးနွေးတင်ပြဖြစ်တဲ့အကြောင်းအရာတွေနဲ့ ဒေသခံတွေ ပိုပြီးသိရှိနားလည်အောင် ရှင်းပြပေးပါဦးဆရာ။**

မျိုးဆက်ပွားကျန်းမာရေးမှာ အသိပညာပေးပွဲအတွက် အထူးသဖြင့်တော့ ဦးတည်အုပ်စု သတ်မှတ်ပြီး ကြိုတင်အသိပေးဖိတ်ကြားတာ၊ တက်ရောက်လာတဲ့ ဒေသခံတွေကိုလည်း အချိန်ပေး တက်ရောက်နိုင်အောင်နဲ့ လွယ်လင့်တကူတက်ရောက်နိုင်အောင် စီမံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ




ကြိုတင်ပြင်ဆင်ရတာ၊ နောက်ပြီး အသိပညာပေးလုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်တဲ့ လက်ကမ်းစာစောင်နဲ့ အခြား ပံ့ပိုးရေးလုပ်ငန်းတွေအကုန်လုံးကို MPRL E&P ကုမ္ပဏီရဲ့ CSR အစီအစဉ်ကနေပဲ ဦးစီးဦးဆောင် ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့လို ရေနံမြေတာဝန်ခံဆရာဝန်အနေနဲ့က ဒီအစီအစဉ်ရဲ့ ကျန်းမာရေးအသိပညာမျှဝေတဲ့၊ ရှင်းပြတဲ့အပိုင်းကို အဓိကကူညီရတာပါ။ ဒီဆွေးနွေးပွဲမှာ အဓိကက သားဆက်ခြားကျန်းမာရေးကို ဦးတည်ပြီး ရှင်းပြဖြစ်ပါတယ်။ သားဆက်ခြားကျန်းမာရေးဆိုတာ ဘာလဲကစပြီး ဘာလို့အရေးကြီးတာလဲ၊ သူ့ရဲ့အကျိုးကျေးဇူးတွေ၊ ဘယ်လိုသားဆက်ခြားနိုင်မလဲဆိုတဲ့ နည်းလမ်းတွေနဲ့ ကိုယ့်လိုအပ်ချက်နဲ့ကိုက်ညီမယ့်နည်းလမ်းကို ရွေးချယ်တတ်ဖို့ဆိုရင်လည်း ဘယ်အချက်တွေ ထည့်သွင်းစဉ်းစားရမယ်ဆိုတာမျိုးတွေ မျှဝေဖြစ်ပါတယ်။ အထူးသဖြင့်တော့ သားဆက်ခြားကျန်းမာရေးမှာ အမျိုးသား၊ အမျိုးသမီးတွေ သားကြောဖြတ်တဲ့အခါ လုပ်ထုံးလုပ်နည်းတွေ၊ နောက်ပြီး နှလုံး၊ သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်စတဲ့ ဝေဒနာရှင်တွေအနေနဲ့ ဆောင်ရရှောင်ရမယ့် သားဆက်ခြား ဟိုမုန်းဆေးတွေကိုလည်း ဒေသခံတွေအနေနဲ့ သိရှိနေအောင် ရှင်းပြပေးဖြစ်ခဲ့ပါတယ်။

**အခုလို အသိပညာပေးတဲ့အစီအစဉ်တွေမှာ ဒေသခံများ၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုအပေါ်မှာရော ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

CSR အစီအစဉ်နဲ့ ကျွန်တော်တို့ပူးပေါင်းပြီး ကျန်းမာရေးအသိပညာပေးဆွေးနွေးပွဲတွေလုပ်တိုင်း မန်းရေနံမြေဒေသခံတွေရဲ့ ပူးပေါင်းပါဝင်မှုက အားရစရာကောင်းပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တွေနဲ့ စေတနာ့ဝန်ထမ်းတွေကလည်း ကျွန်တော်တို့ကုမ္ပဏီနဲ့အတူ လက်တွဲပူးပေါင်းပါဝင်ကြပါတယ်။

စာမျက်နှာ - ၂၃ ➤